# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ

**မန္တလေး ဇွန် ၁၆**

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ နံနက်ပိုင်းမှစတင်၍ ပြန်လည်စစ်ဆေးကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း သတ်မှတ်ထားသည့် စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

ထိုသို့ လာရောက်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများအား တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်အသီးသီး၌ စာမေးပွဲဖြေဆိုရန် လိုအပ်သည့် အချက်အလက်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပေးပြီး စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း နေ့စဉ်လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကာ စနစ်တကျဖြင့် စိတ်ချမ်းမြေ့စွာဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးကြသည်။

ယခု ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၁၀၁ ခုဖွင့်လှစ်ထားရှိပြီး စာမေးပွဲဖြေဆိုရန် စာရင်းရှိ ၃၄၂၄၁ ဦးတွင် ၃၃၇၈၈ ဦး လာရောက်ဖြေဆိုသည့်အတွက် ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၈ ဒသမ ၆၈ ရာခိုင်နှုန်းရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချို က ပြောသည်။

"ကျောင်းသား ကျောင်းသူတွေအားလုံး အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေကြပါပြီ။ စာမေးပွဲဖြေဆိုရာမှာလိုအပ်တဲ့ ကျောင်းသုံးစာရေးကိရိယာတွေကိုလည်း

*စာမျက်နှာ ၄ ကော်လံ ၁ ❍*



မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုနေမှုကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ယနေ့မှစ၍ စာမေးပွဲများပြန်လည်ဖြေဆို**

ပြည်တွင်းသတင်း စာ ၄

**ဘရူနိုင်းက အကြီးစားနေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် သဘောတူညီချက်များ လက်မှတ်ရေးထိုး**

နိုင်ငံတကာသတင်း စာ ၁၄

**မကွေးမြို့နယ်၌ မိုးမြေပဲ ယခင်နှစ်ကထက် တိုးချဲ့စိုက်ပျိုး**

စီးပွားရေးသတင်းများ စာ ၁၆


**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၁၆-၆-၂၀၂၅

| | | | | |
|---|---|---|---|---|
| ကျိုက္ကမီမြို့ | ၈ | ဒသမ | ၃၅ | လက်မ |
| မုဒုံမြို့ | ၅ | ဒသမ | ၅၉ | လက်မ |
| ချောင်းဆုံမြို့ | ၅ | ဒသမ | ၁၂ | လက်မ |
| ဟိုင်းကြီးကျွန်းမြို့ | ၄ | ဒသမ | ၅၃ | လက်မ |
| ကလေးမြို့ | ၄ | ဒသမ | ၄၅ | လက်မ |
| ရေးမြို့ | ၄ | ဒသမ | ၁၇ | လက်မ |
| စစ်တွေမြို့ | ၄ | ဒသမ | ဝ၆ | လက်မ |

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းသည်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၅) တည်ဆောက်ရေးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းနှင့် မောင်းနှင်လည်ပတ်လျက်ရှိသည့် ကျိုင်းတောင်း ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်း ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော စီမံကိန်းပုံစံငယ်၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများနှင့် မြေကြီးကျောက်သားနမူနာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များရရှိမှုအပေါ် အခြေခံ၍ စီးပွားရေးအရ တွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေသော ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်ပြီးဖြစ်သော ပင်မတမံ၊ ပင်မရေပိုလွှဲ၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပွြန်နှင့် တည်ဆောက်ဆဲဖြစ်သော ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် Switchyard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၌ စက်ရုံရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းကြောင့် သဘာဝဘေး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Weir(3)၊ Trash Rack များ ပြုပြင်တည်ဆောက်ခြင်းနှင့် စက်ရုံရေထုတ်မြောင်း ပြုပြင်ထိန်းသိမ်းခြင်း၊ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင်တည်ရှိပြီး ၁၈ မဂ္ဂါဝပ် ဓာတ်အားပေးစက် သုံးလုံးဖြင့် တပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိကာ နှစ်စဉ် ကီလိုဝပ်နာရီ သန်းပေါင်း ၃၇၇ ဒသမ ၆ သန်း ထုတ်လုပ်ပေးလျက်ရှိသော တိုက်ရိုက်ရေသွယ်စနစ် (Run Off River Type) စက်ရုံတစ်ရုံဖြစ်ပြီး ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းရှိ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Vitual စနစ်ဖြင့် တက်ရောက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ (နေပြည်တော်) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ လျှပ်စစ်စစ်ဆေးရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် ဆိုလာဓာတ်အားပေးစနစ်နှင့်ပတ်သက်၍ ဗဟုသုတများ၊ နည်းပညာများကို အခြေခံအားဖြင့် သိရှိနိုင်ရန် သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် လျှပ်စစ်လုပ်ငန်းဆောင်ရွက်နေသူများအား လျှပ်စစ်လုပ်ငန်း အတွေ့အကြုံ၊ လျှပ်စစ်ဆိုင်ရာ ဗဟုသုတ ပိုမိုရရှိလာစေခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များကို သိရှိနားလည်လာခြင်းဖြင့် လျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းလာစေခြင်း၊ တိုင်းတာရေးမီတာများနှင့် လျှပ်စစ်သုံးပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုတတ်လာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ကြောင်း၊ သင်တန်းမှပို့ချသော စာတွေ့၊ လက်တွေ့များကိုသာမက လုပ်ငန်းခွင်အတွင်းမှ အတွေ့အကြုံများကိုယူ၍ ပိုမိုတိုးတက်သည့် အသိပညာ၊ နည်းပညာများ ရှိလာစေရန် မိမိအရည်အသွေးတိုးတက်အောင် ဆောင်ရွက်နေကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ကို ဇွန် ၁၆ ရက်မှ ဩဂုတ် ၈ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်၍ ဘာသာရပ် ၂၂ မျိုးကို လက်တွေ့လျှပ်စစ်လုပ်ငန်းခွင်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနှင့် စစ်ဆေးရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးဝန်ထမ်းများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ယနေ့မှစ၍ စာမေးပွဲများပြန်လည်ဖြေဆို

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော် အစိုးရအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း (Camp) များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး စာမေးပွဲပြန်လည်ကျင်းပမည့်ရက်ကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ သတ်မှတ်ခဲ့သည်။

ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ သတ်မှတ်ထားသည့် မြို့နယ်အသီးသီးရှိ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ၏ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ပြန်လည်ဖြေဆိုလျက်ရှိကြသည်။ ထိုသို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမှုအနေဖြင့် သတ်မှတ်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ စာစစ်ဌာန ၁၉၅ ခုတွင် လာရောက်ဖြေဆိုသူကျောင်းသားကျောင်းသူ ၆၂၈၂၄ ဦးရှိသည့်အတွက် ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ကိုစနစ်တကျစီမံဆောင်ရွက်ထား ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ ကြည့်ရှုအားပေးစဉ်။





**○ ရွှေဖုံးမှ**

သက်ဆိုင်ရာ စာစစ်ဌာနတွေမှာ အဆင်သင့် ဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး စာစစ်ဌာနတွေမှာလည်း လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးနဲ့ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့ကိုလည်း လိုက်လံစစ်ဆေးဆောင်ရွက်ပေးထားပါတယ်။ အခုစာမေးပွဲ ပြန်ဖြေရတာကတော့ ကျောင်းသား ကျောင်းသူတွေအတွက် ဒုတိယအခွင့်အရေးပဲ ဖြစ်ပါတယ်။ ကံကောင်းခြင်းတွေ လာတော့မှာဖြစ်တဲ့အတွက် ကြိုးစားဖြေဆိုကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ၎င်းကပြောသည်။

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်သီတာက "ကျွန်မတို့ စာစစ်ဌာနမှာတော့ ဖြေဆိုသူ ၅၂၈ ဦးရှိပါတယ်။ အခန်းပေါင်း ၁၈ ခန်းရှိပြီး တာဝန်ကျ ဆရာဆရာမတွေအနေနဲ့ ၆၃ ဦးရှိပါတယ်။ ကျွန်မတို့အနေနဲ့ စာမေးပွဲလာရောက်ဖြေဆိုတဲ့ ကျောင်းသား ကျောင်းသူတွေ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ဖို့ အားလုံးဆောင်ရွက်ပေးထားပါတယ်။ ဖြေဆိုတဲ့အခါမှာ လိုအပ်မယ့်စာရေးကိရိယာတွေကိုလည်း အဆင်သင့် ထားရှိပေးထားပါတယ်။ အခုလို ဒုတိယအကြိမ် ဖြေဆိုရတယ်ဆိုတာ ကျောင်းသား ကျောင်းသူတွေအတွက် ထူးခြားတဲ့အခွင့်အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီးတော့ အရင်ကဖြေဆိုခဲ့တဲ့အခါမှာ ဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်တွေကို ပြင်ဆင်ပြီး ပြန်လည်ဖြည့်ဆည်းဖြေဆိုခွင့်ရမှာဖြစ်တဲ့အတွက် ဝီရိယနှစ်ဆတိုးပြီး ကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ စာမေးပွဲပြန်လည်ဖြေဆိုကြမည့်ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက်လည်း ဧပြီ ၂၈ ရက်မှစတင်၍ သတ်မှတ်ထားသည့် ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း (Camp)များ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျပြန်လည်သင်ကြားပို့ချပေးခဲ့ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက်လည်း Online မှသော်လည်းကောင်း၊ Education Channel များနှင့် ပုဂ္ဂလိကကျောင်းများ၏ Youtube Channel , Telegram များတွင် ဖြန့်ဝေထားသည့် ပညာဒါနအတန်းများတွင်လည်း လေ့လာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကျောင်းသားမိဘတစ်ဦးကလည်း "အဖြေလွှာတွေ မီးလောင်ပြီဆိုကတည်းက စာမေးပွဲပြန်လည်ဖြေဆိုရနိုင်တယ်ဆိုတာ တွေးမိထားပါတယ်။ ဒါကြောင့် လိုအပ်တဲ့စာအုပ်တွေ ပြန်လည်ရှာဖွေပြီး သားကိုစာတွေသေချာပြန်လုပ်ခိုင်းထားခဲ့ပါတယ်။ ကလေးကလည်း ခြောက်ဘာသာဂုဏ်ထူးမှန်းထားခဲ့ပါတယ်။ အရင်စာမေးပွဲမှာက အင်္ဂလိပ်စာဂုဏ်ထူးမှတ်မရနိုင်ဘူးလို့ ပြောပါတယ်။ အခုလို ပြန်ဖြေရမယ်ဆိုတော့ သားက တော်တော်ကိုပျော်နေပါတယ်။ နောက်ပြီး ဒီတစ်ခေါက်ပြန်ဖြေရတာ ဒုတိယအကြိမ်အခွင့်အရေးဖြစ်တဲ့အတွက် သေချာကြိုးစားဖို့လည်း မှာထားပါတယ်"ဟု ပြောသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူတစ်ဦးက "စာမေးပွဲကို ဒုတိယအကြိမ် ဝင်ရောက်ဖြေဆိုရတယ်ဆိုပေမယ့် အကောင်းဆုံးဖြေဆိုနိုင်အောင် ကြိုးစားထားပါတယ်။ ပထမအကြိမ်ကထက် စာတွေပိုလုပ်ထားပြီး ဂုဏ်ထူးတွေထွက်အောင်လည်း ရည်မှန်းထားပါတယ်။ အိမ်က အဖေနဲ့အမေကလည်း အများကြီး သမီးကို ပံ့ပိုးပေးပါတယ်။ ဆရာ ဆရာမတွေကလည်း သမီးတို့ကို စာမေးပွဲအကောင်းဆုံးဖြေဆိုနိုင်ဖို့အတွက် လိုအပ်တာတွေကို သင်ကြားပေးပါတယ်။ သမီးရဲ့ သူငယ်ချင်းတွေအားလုံးလည်း စာမေးပွဲပြန်လည်ဖြေဆိုကြပါတယ်။ အခုလို ဒုတိယအကြိမ် စာမေးပွဲဖြေဆိုရတဲ့အပေါ်မှာ တချို့ ကျောင်းသား ကျောင်းသူတွေက စိတ်ဓာတ်ကျတာတွေ ရှိကြပါတယ်။ ဒီလိုစိတ်ဓာတ်ကျတာတွေ မဖြစ်ဘဲနဲ့ အကောင်းဆုံးကြိုးစားဖြေကြပါ။ မိဘတွေအနေနဲ့လည်း သမီးတို့ကို တစ်နှစ်ပတ်လုံး ပံ့ပိုးပေးထားတာဖြစ်တဲ့အတွက် ပင်ပန်းကြပါတယ်။ ဒါကြောင့် သမီးတို့အနေနဲ့ စာမေးပွဲအကောင်းဆုံး ဖြေဆိုနိုင်ဖို့ တတ်နိုင်သမျှကြိုးစားသွားမှာပါ" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေပြီး လုံခြုံစိတ်ချစွာဖြင့် သက်ဆိုင်ရာစာစစ်ဌာနများသို့ လာရောက်နိုင်ရေးအတွက်လည်း မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင်လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ဘာသာရပ်အလိုက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



## သထုံမြို့ အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်စာစောင်ပြပွဲပြုလုပ်

**သထုံ ဇွန် ၁၆**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးဟောပြောခြင်း စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များ ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် အမက(ဘင်လှိုင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီထွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကြကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ

**နေပြည်တော် ဇွန် ၁၆**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ ပြန်လည်ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ သက်ဆိုင်ရာစာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဝင်ရောက်ဖြေဆိုကြသည်။

နံနက်ပိုင်းမှစတင်၍ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ဖြေဆိုကြမည့် စာစစ်ဌာနများသို့ အချိန်မီရောက်ရှိလာကြရာ တာဝန်ကျ ဆရာ ဆရာမများက စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်း၊ ဖြေဆိုကြမည့် အခန်းများအတွင်း၌လည်း ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က "ဇမ္ဗူသီရိမြို့နယ်မှာ ဆေးရုံစင်တာအပါအဝင် စာစစ်ဌာနခြောက်ခု ဖွင့်လှစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမဖြေဆိုခင်မှာ စာဖြေသူအမည်စာရင်း၊ စည်းကမ်းချက်၊ အခန်းလိုက်စာဖြေခန်းတွေမှာ တာဝန်ချထားမှုဇယားနဲ့ အချိန်ဇယားတွေကို စီစဉ်ရပါတယ်။ ဒီစာစစ်ဌာနမှာ အထက(၅)၊ အထက(၆)၊ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်းနဲ့ အလွတ်ဖြေတို့ ဖြေဆိုကြမှာ ဖြစ်ပါတယ်။ ဘာသာတွဲအလိုက် STEAMS–1၊ STEAMS–2 နဲ့ STAMS–1 ဆိုပြီး ခွဲထားပါတယ်။ STEAMS–1 မှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဘာသာရပ်တွေပါဝင်ပြီး ကျောင်းသားကျောင်းသူ ၂၅၇ ဦး ဖြေဆိုမှာဖြစ်ပါတယ်။ STEAMS – 2 မှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ ဘာသာရပ်တွေပါဝင်ပြီး ၉၂ ဦးဖြေဆိုမှာ ဖြစ်ပါတယ်။ STAMS –1 မှာတော့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ဘာသာရပ်တွေပါဝင်ပြီး ငါးဦး ဖြေဆိုမှာ ဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅၄ ဦး ဖြေဆိုမှာ ဖြစ်ပါတယ်။ တစ်ခန်းကို ကျောင်းသား ကျောင်းသူ ၃၀ နှုန်း ဖြေဆိုမှာဖြစ်ပြီး စာဖြေခန်း စုစုပေါင်း ၁၃ ခန်း ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်ဖို့အခန်းနဲ့ အရန်အခန်းတွေလည်း ထားရှိပါတယ်။ အခုဖြေဆိုမယ့် ဦးရေနဲ့ မတ်လမှာဖြေဆိုခဲ့တဲ့ ကျောင်းသား ကျောင်းသူ ဦးရေ အပြောင်းအလဲရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မဖြေဆိုနိုင်တာ ဖြစ်ပါတယ်။ အဲဒီကျောင်းသား ကျောင်းသူတွေကို အခြေခံပညာအထက်တန်းအောင်မြင်ပြီးစီးကြောင်း လက်မှတ်ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီစာစစ်ဌာနကနေ တခြားစာစစ်ဌာနကို ရွှေ့ပြောင်းဖြေဆိုတဲ့ ကျောင်းသားတစ်ဦး ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံး သာတူညီမျှဖြစ်စေဖို့နဲ့ စစ်မှန်ပြီးအရည်အချင်းရှိတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အခွင့်အရေးကို မဆုံးရှုံးစေချင်လို့ အခုစာမေးပွဲကြီးကို ပြန်လည်ကျင်းပပေးတာဖြစ်ပါတယ်" ဟု ပြောသည်။

နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြားပို့ချပေးခဲ့ခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက် Online မှလည်းကောင်း၊ Education Channel များနှင့် ပုဂ္ဂလိကကျောင်းများ၏ Youtube Channel , Telegram တို့တွင် ပညာဒါနအတန်းများ လေ့လာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် Text Book၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများကိုလည်း ထောက်ပံ့ပေးသည့်အပြင် သင်ခန်းစာနှင့်သက်ဆိုင်သည့် အထောက်အကူပြု သင်ခန်းစာစာရွက်စာတမ်းများကိုလည်း ဖြန့်ဝေပေးခဲ့သည်။



ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်



ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ဒီစာစစ်ဌာနမှာ တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၃၃၉ ဦး ရှိပါတယ်။ အခုလိုစာမေးပွဲပြန်လည်ဖြေဆိုတာကတော့ သဘာဝဘေးအန္တရာယ်ကြောင့် အဖြေလွှာတွေ ပျက်စီးဆုံးရှုံးသွားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ နေပြည်တော် ပြည်ထောင်စုနယ်မြေတို့မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး ဒုတိယအကြိမ် ပြန်လည်ဖြေဆိုတာဖြစ်ပါတယ်။ ဒီစာစစ်ဌာနမှာတော့ အထက(၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)နဲ့ အလွတ်ဖြေတို့ လာရောက်ဖြေဆိုကြတာဖြစ်ပါတယ်။ စာဖြေခန်း ၁၂ ခန်း၊ အရန်တစ်ခန်းနဲ့ စုစုပေါင်း ၁၃ ခန်းရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ဆေးခန်းတစ်ခန်းလည်း ထားရှိပါတယ်။ စာဖြေခန်းတစ်ခန်းမှာ ကျောင်းသား ကျောင်းသူဦးရေ ၃၀ ဖြေဆိုမှာ ဖြစ်ပါတယ်။ STEAMS–1 မှာ ၁၆၂ ဦး၊ STEAMS–2 မှာ ၁၆၉ ဦးနဲ့ STAMS–1 မှာ ၁၄ ဦး ရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ကတ်တွေကိုလည်း ဇွန် ၁ ရက်က စတင်ထုတ်ပေးခဲ့ပါတယ်။ ဖြေဆိုချိန်ကတော့ နံနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒီနေ့တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ နောက်ထပ်ဖြေဆိုမယ့် ဘာသာရပ်တွေကိုလည်း လာရောက်ဖြေဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စာစစ်ဌာန သုံးခု၊ ဇမ္ဗူသီရိမြို့နယ်ရှိ စာစစ်ဌာန ခြောက်ခု၊ လယ်ဝေးမြို့နယ်ရှိ စာစစ်ဌာန ၁၁ ခု၊ ဒက္ခိဏသီရိမြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၊ ဥတ္တရသီရိမြို့နယ်ရှိ စာစစ်ဌာန ခုနစ်ခု၊ တပ်ကုန်းမြို့နယ်ရှိ စာစစ်ဌာန ရှစ်ခု၊ ဇေယျာသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခု၊ ပုဗ္ဗသီရိမြို့နယ်ရှိ စာစစ်ဌာန ငါးခုတို့၌ ကျောင်းသား ၅၄၀၄ ဦး၊ ကျောင်းသူ ၇၀၀၃ ဦး စုစုပေါင်း ၁၂၄၀၇ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရှိရသည်။

ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံဆောင်ရွက်ထားကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့ ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ တစ်နေ့တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – မျိုးဆက်သစ်**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**



နေပြည်တော် အထက(ခွဲ) အလက(၃) ကျောင်းသို့ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား ကျောင်းသူများ လာရောက်ဖြေဆိုနေမှုကို တွေ့ရစဉ်။

## ၂၀၂၅ ခုနှစ် ဇွန်လတက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် ဖြေဆိုနေမှုလှည့်လည်ကြည့်ရှု

**နေပြည်တော် ဇွန် ၁၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်သည် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးနှင့်အတူ ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ တက္ကသိုလ်ဝင် စာမေးပွဲစာစစ်ဌာနသို့ ရောက်ရှိကာ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာဘာသာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့အားပေးကြည့်ရှုရာတွင် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာတာဝန်ရှိသူများအား တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စည်းကမ်းရှိစွာဖြင့် စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် မှာကြားပြီး ကျောင်းအတွင်းရှိ ကျန်းမာရေးဆေးပေးခန်းကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးများသည် ပုဗ္ဗသီရိမြို့ရှိ အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ကျောင်းအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည့် ရပ်မိရပ်ဖများ၊ ကြက်ခြေနီ၊ မီးသတ်၊ တပ်မတော်၊ ပြည်သူ့ရဲ၊ ပရဟိတအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြန်လည်ဖြေဆိုကြသည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တွင် စာစစ်ဌာန စုစုပေါင်း ၁၉၅ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၈၂၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။

နေပြည်တော်ကောင်စီနယ်မြေ လေးခရိုင်၊ ရှစ်မြို့နယ်တွင် စာစစ်ဌာနစုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၂၅၃၁ ဦး စာရင်းပေးသွင်းကြပြီး ၁၂၄၀၇ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ


မောင်တည်ကြည်


*(ယမန်နေ့မှ အဆက်)*

**တားဆီးကာကွယ်ခြင်းကဏ္ဍ**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) တွေကို ၂၀၁၉ ခုနှစ်မှစပြီး ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၁၄ ခုမှာ ရှေ့ပြေးစီမံကိန်းအဖြစ် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်အထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၇ ခု၊ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ၁၅ ခု မှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရှိရပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေရဲ့ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းအစီအစဉ် ၆ ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကတော့ ဆောင်းပါးအတွင်း ပါရှိတဲ့ အခြေပြမျဉ်းဂရပ် အချက်အလက်များအရ မြင်တွေ့ရမှာဖြစ်ပါတယ်။





နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့တွေရဲ့ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းအစီအစဉ် ၆ ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကိုလည်း ဂရပ်ဖြင့် သီးသန့်ဖော်ပြထားပါတယ်။

ဖွဲ့စည်းထားတဲ့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့တွေအနေနဲ့ အဂတိလိုက်စားမှုတွေ ဆက်လက်မဖြစ်ပေါ်စေဖို့အတွက် တားမြစ်ထိန်းချုပ်သွားဖို့ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၄ ခုနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ တစ်ခုမှာသာ ဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။

**စုံစမ်းစစ်ဆေးရေးအရေးယူခြင်းကဏ္ဍ**

ဥပဒေမူဘောင်ခိုင်မာရေးအတွက် ကော်မရှင်ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြန်လည်သုံးသပ်ရေးအစည်းအဝေးတွေကို ကျင်းပခဲ့ပြီး ပြန်လည်သုံးသပ်ရေးအဖွဲ့ရဲ့ သုံးသပ်ချက်အစီရင်ခံစာကို ၈-၁၂-၂၀၂၃ ရက်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးကို တင်ပြခဲ့ကြောင်းနဲ့ ဥပဒေပြင်ဆင်တဲ့ ကိစ္စရပ်တွေ ပြီးမြောက်သွားရင် ဥပဒေပြင်ဆင်ချက်တွေနဲ့အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေအသစ် ထုတ်ပြန်နိုင်ဖို့ ဆက်လက်ဆောင်ရွက်မယ်ဆိုတာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် ရေးဆွဲထားတဲ့ အများပြည်သူအကျိုး ထုတ်ဖော်သတင်းပေးသူတွေကို အကာအကွယ်ပေးရေးဥပဒေ(မူကြမ်း)ကို သုံးသပ်စိစစ်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

စုံစမ်းစစ်ဆေးအရေးယူခြင်း ကဏ္ဍအနေနဲ့ ကော်မရှင်ကို ပေးပို့လာတဲ့ တိုင်ကြားစာတွေအပေါ် စိစစ်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းတွေကနေ စိစစ်ဆောင်ရွက်ရမယ့်ကိစ္စရပ်တွေဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တွေဆီ လွှဲပြောင်းပေးပို့ခြင်း၊ ကော်မရှင်က အရေးယူရန်ရှိပါက စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနဲ့ သက်ဆိုင်ခြင်းမရှိတဲ့တိုင်ကြားစာ၊ သက်သေအထောက်အထားခိုင်လုံမှုမရှိတဲ့ တိုင်ကြားစာတွေကို ကျိုးကြောင်းဖော်ပြပြီး တိုင်ကြားသူထံ အကြောင်းပြန်ကြားခြင်းတွေ ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။




**❂ စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍအနေနဲ့ ကော်မရှင်ကို ပေးပို့လာတဲ့ တိုင်ကြားစာတွေအပေါ် စိစစ်သုံးသပ်ပြီး ပြည်ထောင်စုဝန်ကြီးဌာန / အဖွဲ့အစည်းတွေကနေ စိစစ်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန / အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့တွေဆီ လွှဲပြောင်းပေးပို့ခြင်း၊ ကော်မရှင်က အရေးယူရန်ရှိပါက စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့ သက်ဆိုင်ခြင်းမရှိတဲ့ တိုင်ကြားစာ၊ သက်သေအထောက်အထား ခိုင်လုံမှုမရှိတဲ့ တိုင်ကြားစာတွေကို ကျိုးကြောင်းဖော်ပြပြီး တိုင်ကြားသူထံ အကြောင်းပြန်ကြားခြင်းတွေ ဆောင်ရွက်လျက်ရှိ**

၂၀၂၄ ခုနှစ်မှာ ကော်မရှင်ရုံး နေပြည်တော်ကို တိုင်ကြားစာ ၁၁၆၆ စောင်၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်) ကို တိုင်ကြားစာ ၂၆ စောင်၊ ကော်မရှင်ရုံးခွဲ (မန္တလေး)ကို တိုင်ကြားစာ ၁၆ စောင်၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး)ကို တိုင်ကြားစာ ၁၁ စောင်၊ ကော်မရှင်ရုံးခွဲ(မော်လမြိုင်)ကို တိုင်ကြားစာ ခြောက်စောင် အပါအဝင် တိုင်ကြားစာ စုစုပေါင်း ၁၂၂၅ စောင် လက်ခံရရှိပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ နှစ်အလိုက် တိုင်ကြားစာများ လက်ခံရရှိမှုတွေကတော့ ဆောင်းပါးအတွင်း သီးသန့်ဂရပ်ဖြင့် ဖော်ပြထားပါတယ်။

၂၀၂၄ ခုနှစ်မှာ ကော်မရှင်က လက်ခံရရှိတဲ့ တိုင်ကြားစာတွေရဲ့ အခြေအနေများနှင့် ၂၀၂၄ ခုနှစ်မှာ လက်ခံရရှိတဲ့ တိုင်ကြားစာတွေအပေါ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း အောက်ဖော်ပြပါ ဇယားများတွင် တွေ့မြင်နိုင်ပါတယ်။

အရေးယူဆောင်ရွက်ပေးနိုင်တဲ့ တိုင်ကြားစာ ၈၁၃ စောင်နဲ့ ပတ်သက်လို့ ကော်မရှင်က စုံစမ်းစစ်ဆေးတဲ့ တိုင်ကြားစာ ၁၀ စောင်၊ ပြည်ထောင်စုဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေထံ အရေးယူဆောင်ရွက်ဖို့ လွှဲပြောင်းပေးပို့တဲ့ တိုင်ကြားစာ ၅၃၄ စောင်နဲ့ တိုင်ကြားသူတစ်ဦးချင်းထံကို တိုင်ကြားစာပါအကြောင်းအရာနဲ့ စပ်လျဉ်းလို့ ဆောင်ရွက်သင့်တာကို ဖော်ပြအကြံပြုချက်တွေနဲ့ ပြန်ကြားပေးတဲ့ တိုင်ကြားစာ ၂၆၉ စောင်ဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

**စုံစမ်းစစ်ဆေးတရားစွဲတင်ပို့မှုနှင့် လွှဲပြောင်းပေးပို့မှု**

၂၀၂၄ ခုနှစ်မှာ တိုင်ကြားစာ ၁၀ စောင်ကို စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာမှာ လူပုဂ္ဂိုလ် ၄၂ ဦးကို ရာဇဝတ်ကြီးမှု ၂၇ မှု၊ ရာဇဝတ်အထွေထွေမှု

*စာမျက်နှာ ၇ သို့*

**၂၀၂၄ ခုနှစ်အတွင်း တိုင်ကြားစာလက်ခံရရှိမှုဇယား**

| စဉ် | တိုင်ကြားစာ လက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့မှ လွှဲပြောင်းပေးပို့ခြင်း | ၁၀ |
| ၂ | ကော်မရှင်ထံ လိပ်မူ၍ တိုင်ကြားခြင်း | ၁၀၅၂ |
| ၃ | တိုင်ကြားစာ မိတ္တူပေးပို့ခြင်း | ၁၅၀ |
| ၄ | ပစ်စာ | ၁၃ |
| | စုစုပေါင်း | ၁၂၂၅ |

**လက်ခံရရှိသည့် တိုင်ကြားစာများ ဆက်လက်ဆောင်ရွက်မှုအခြေအနေဇယား**

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| | | စောင်ရေ | ရာခိုင်နှုန်း |
| ၁ | အရေးယူဆောင်ရွက်ပေးနိုင်သည့်တိုင်ကြားစာ | ၈၁၃ | ၆၆.၃ % |
| ၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် မညီညွတ်သည့်အတွက် အရေးယူဆောင်ရွက်ပေးခြင်း မပြုနိုင်သည့် တိုင်ကြားစာ (ဥပဒေနှင့် အကျုံးမဝင်ခြင်း၊ မိတ္တူ၊ ပစ်စာ၊ ရုပ်သိမ်းခြင်း) | ၃၆၈ | ၃၀.၁ % |
| ၃ | စိစစ်ဆောင်ရွက်ဆဲ တိုင်ကြားစာ | ၄၄ | ၃.၆ % |
| | လက်ခံရရှိသည့် တိုင်ကြားစာပေါင်း | ၁၂၂၅ | |

# ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု အထိမ်းအမှတ် Block of Stamp အထူးထုတ်တံဆိပ်ခေါင်းသစ် ထုတ်ဝေမည်



**နေပြည်တော် ဇွန် ၁၆**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်သည့် အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထား မှတ်သားနိုင်စေရန် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုအထိမ်းအမှတ် Block of Stamp အထူးထုတ် ၂၄၀၀ ကျပ်တန် (၂၀၀ x ၁၂) စာပို့တံဆိပ်ခေါင်းသစ် (၁) မျိုးအား ဇွန် ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၀) ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဇွန် ၂၀ ရက် (သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

ခြောက်မှုတို့နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး တရားလွှတ်တော်တို့မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲတင်ပို့ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း ၂၁ ဦးတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ)နဲ့အညီ သက်ဆိုင်ရာဌာနတွေထံ လွှဲပြောင်းပေးပို့ အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၂၄ ခုနှစ်မှာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ (ဥ) အရ လွှဲပြောင်းပေးပို့တဲ့ တိုင်ကြားစာတွေအပေါ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ ဝန်ထမ်း ၂၈၇ ဦးအား ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါတယ်။

ကော်မရှင်စတင်ဖွဲ့စည်းတဲ့ ၂၀၁၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ တိုင်ကြားစာအပေါ် အရေးယူဆောင်ရွက်နိုင်ခဲ့မှုတွေကို အောက်ဖော်ပြပါ ဇယားမှာ လေ့လာတွေ့ရှိနိုင်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေး တရားစွဲတင်ဆောင်ရွက်နိုင်ခဲ့တဲ့အမှုတွေမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှု၊ နိုင်ငံ့ဘဏ္ဍာကို ပြန်လည်ပေးသွင်းနိုင်မှုနဲ့ ကာကွယ်နိုင်မှုတွေကို စာရင်းဇယားများဖြင့် လေ့လာကြည့်နိုင်ပါတယ်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကော်မရှင်အနေနဲ့ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနဲ့ သက်ဆိုင်တဲ့ နယ်ပယ်တွေမှာ သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံနဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေ မျှဝေခြင်းနဲ့ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့အတွက် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ ASEAN – Parties Against Corruption (ASEAN–PAC) ကို ၂၀၁၃ ခုနှစ်မှာ ဝင်ရောက်ခဲ့ပါတယ်။

ဒါ့အပြင် ဒေသတွင်း နိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတွေနဲ့ရော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းတွေနဲ့ပါ နားလည်မှုစာချွန်လွှာ MoU ရေးထိုးပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနဲ့ ရေးထိုးထားတဲ့ နှစ်နိုင်ငံ နားလည်မှု



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ၂၀၂၄–၂၀၂၆ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်အား လက်မှတ်ရေးထိုးစဉ်။

**"နိုင်ငံတကာမှာကျင်းပတဲ့ အစည်းအဝေး၊ ညီလာခံ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို In Person နဲ့ ၁၃ ကြိမ်၊ Virtual Format နဲ့ ၄ ကြိမ် တက်ရောက်နိုင်ခဲ့တဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်တဲ့ အလေ့အထတွေ၊ အတွေ့အကြုံတွေ ဖလှယ်နိုင်ခဲ့ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် များစွာအထောက်အကူပြုနိုင်. . ."**

စာချွန်လွှာ(MoU)ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေနဲ့ ၄-၉-၂၀၂၄ ရက်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့မှာ ၂၀၂၄-၂၀၂၆ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်ကို ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် H.E. Mr. Igor Kransnov တို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဆက်လက်ပြီး လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေတဲ့ ASEAN–PAC အဖွဲ့ဝင်နိုင်ငံတွေနဲ့လည်း လက်မှတ်ရေးထိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်လို့ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့ ပူးပေါင်းပြီး "The Round Table Discussion on Proceeds of Corruption Related Asset Recovery" နဲ့ "Workshop on Issues against Corruption" တို့ကို နေပြည်တော် ရွှေနန်းတော်ဟိုတယ်မှာ ၂၇-၁၁-၂၀၂၄ ရက်က ကျင်းပခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဦးဆောင်ပြီး ကော်မရှင်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ အရာထမ်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း ၅၂ ဦးနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးမှ Mr. BAZHUTOV Sergey, Mr. KIRILL Bukhtenkov, Ms. GANTSEVA Svetlana, Mr. GUDKOV Nikolay, Ms. SHIKHANOVA Anna, Mr. SHEVCHENKO Vitaly တို့ တက်ရောက်ဆွေးနွေးခဲ့ပါတယ်။

နိုင်ငံတကာမှာ ကျင်းပတဲ့ အစည်းအဝေး၊ ညီလာခံ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို In Person နဲ့ ၁၃ ကြိမ်၊ Virtual Format နဲ့ ၄ ကြိမ် တက်ရောက်နိုင်ခဲ့တဲ့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်တဲ့ အလေ့အထတွေ၊ အတွေ့အကြုံတွေ ဖလှယ်နိုင်ခဲ့ပြီး ကော်မရှင်က ဆောင်ရွက်လျက်ရှိတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**တိုင်ကြားမှုများအပေါ် အရေးယူဆောင်ရွက်မှုများ**

| စဉ် | အကြောင်းအရာ | ရာထူးအဆင့် | ဦးရေ |
|---|---|---|---|
| ၁ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှု | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | ၆၇ |
| | | အဆင့်မြင့်အရာရှိ | ၂၃ |
| | | အရာထမ်း | ၁၀၁ |
| | | အမှုထမ်း | ၈၆ |
| | | ပြည်သူ့ဝန်ထမ်း | ၁၈ |
| | | အခြားပုဂ္ဂိုလ် | ၅၃ |
| ၂ | နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းကမ်း အရ အရေးယူဆောင်ရွက်မှု | နိုင်ငံ့ဝန်ထမ်း | ၃၀၃၀ |

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှု အခြေအနေ**

| စဉ် | အကြောင်းအရာ | နိုင်ငံခြားငွေ | မြန်မာငွေ |
|---|---|---|---|
| ၁ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံ့ဘဏ္ဍာ ပြန်လည်ပေးသွင်းနိုင်မှု | USD ၄ သန်းကျော် | ၂၇.၃၃ ဘီလီယံကျော် |
| ၂ | ကာကွယ်နိုင်မှု | ယူရို ၃ သန်းကျော် | ၁၅၆ ဘီလီယံကျော် |

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များတွေ့ဆုံ

**ရန်ကုန် ဇွန် ၁၆**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရက်ပေါင်း ၁၇၅ ရက်သာလိုသည့်အတွက် အုပ်ချုပ်/ နည်းပြများနှင့် ပဏာမလက်ရွေးစင် အားကစားသမားများက အောင်မြင်မှုဆုတံဆိပ်များရရှိအောင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စွမ်းအားအပြည့်ဖြင့် ကြိုးစားကြရန်လိုကြောင်း၊ ပြိုင်ဘက်နိုင်ငံများမှ မိမိနှင့်ယှဉ်ပြိုင်မည့် အားကစားသမား၏အခြေအနေကို အမြဲလေ့လာသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေရန်လိုကြောင်း ပြောကြားသည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ စားရိပ်သာတွင် သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ပြီး သင်တန်းသား သင်တန်းသူများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ(ဝဲပုံ) အားကစားနှင့်ကာယပညာသိပ္ပံဆေးခန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ၍ လာမည့်နှစ်များတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းပြိုင်ပွဲများ ပြုလုပ်ရန်ရှိကြောင်း၊ အားကစားအောင်မြင်မှုအတွက် ဆေးပညာရပ်နှင့် စိတ်ပညာရပ် ပေါင်းစပ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများဖြစ်ရန်လိုအပ်ကြောင်း၊ မိသားစုစိတ်ဓာတ်ဖြင့် အပြုသဘောဆောင်ပြီး လုပ်ငန်းတာဝန်များကို တက်ညီလက်ညီ စုပေါင်းဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နပန်းအားကစားလေ့ကျင့်ရေးရုံသို့ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်နပန်းအားကစားသမားများ သရုပ်ပြလေ့ကျင့်ကစားနေမှု၊ ကျွမ်းဘားအားကစားရုံ၌ အားကစားနည်းအလိုက် ပဏာမလက်ရွေးစင် ကျွမ်းဘားအားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ၈၀၄၅ ဦး ပြန်လည်ဖြေဆို

**မုံရွာ ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂)အခြေခံပညာနှင့်စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း-အလုံနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ရှိ သတ်မှတ်ကျောင်းဆောင်များ၌ ကျောင်းသား ကျောင်းသူများ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့အဖြစ် မြန်မာဘာသာရပ် ပြန်လည်ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် စာစစ်ဌာန ၂၅ ခု၊ စာရင်းရှိ ၈၂၀၅ ဦး၊ ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀၄၅ ဦး ဖြေဆိုမှုရာခိုင်နှုန်း ၉၈ ဒသမ ၀၅ ဖြစ်ပြီး မုံရွာမြို့နယ်အနေဖြင့် အမှတ်(၂) အခြေခံပညာနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း-အလုံတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၂၄၄ ဦးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၄၉၆ ဦး ဖြေဆိုလျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅ ခုနှစ် မေလအတွင်း စိစစ်ကြပ်မတ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများ ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဇွန် ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လမ်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လမ်းဦးစီးဌာနရုံးအတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိနေမှုနှင့် ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးအတွင်းအမှိုက်ခွဲခြား စွန့်ပစ်သည့်စနစ် ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရုံးအတွင်း အမှိုက်ခွဲခြားစွန့်ပစ်သည့် စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ သစ်တောဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးများ အသုံးပြုနေမှု၊ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရုံးအတွင်း အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် ဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မကျည်းမြိုင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် ကျောင်းအတွင်း အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် ဆောင်ရွက်မှုတို့ကိုကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်များတွင် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အခြေခံပညာ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် ကျောင်းများ၊ ဌာနဆိုင်ရာရုံးများတွင် အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက် ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဩဝါဒခံယူ

**နေပြည်တော် ဇွန် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းပဲတန်း ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရတနာစေတီဆင်များရှင်စေတီတော်မြတ်ကြီး ဘက်စုံ



ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းကိစ္စများ ရှင်းလင်းလျှောက်ထားခြင်းနှင့် ဩဝါဒခံယူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြ ပြီး ကာကွယ်ရေးဦးစီးရုံးချုပ်(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက သီတဂူ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဩဝါဒါစရိယဆရာတော်များထံမှ ပရိတ်တရားတော် များနာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း ကြသည်။

### ဩဝါဒခံယူ

ထို့နောက် ရတနာစေတီဆင်များရှင်စေတီတော် မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းလျှောက်ထားကြပြီး ဩဝါဒါစရိယ ဆရာ တော်ကြီးများထံမှ ဩဝါဒခံယူကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား စက်ယန္တရား ကြီးဖြင့် မြေသို့ပင့်ဆောင်နေမှုကို ကြည့်ရှု၍ စိန်ဖူး တော်ကြီးအား သီတဂူဆရာတော်ကြီးနှင့် ဩဝါဒါ စရိယဆရာတော်ကြီးများထံသို့ ဆက်ကပ်ပြီး ငှက်မြတ်နားတော်တွင်ပါရှိသော ရတနာပစ္စည်းများ ကို တာဝန်ရှိသူများထံ စနစ်တကျ ထိန်းသိမ်းထားရှိ နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၉) သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၆**

အခြေခံပညာ ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်း အမှတ်စဉ်(၇၉) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာ ပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပညာရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန် အဖွဲ့ရုံးတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ သင်ကြား၊ စီမံဌာနများမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ယခုသင်တန်းတွင် နိုင်ငံတော်၏ မူဝါဒ၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ် ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာ အခြေခံအချက်များ ကိုသိရှိပြီး တစ်ချိန်တည်းတွင် ကျောင်း သားများနှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များ၊ ဆရာ့သိက္ခာနှင့် ကျင့်ဝတ်များကို သဘောပေါက်တန်ဖိုးထားတတ်စေရေး၊ နိုင်ငံ့ဝန်ထမ်းများ သိထားသင့်သည့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်း ကမ်းများကို သိရှိနားလည်ပြီး စိတ်ခတ် ခံယူချက်များ ပိုမိုကောင်းမွန်လာရေး သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ် ကြောင်း၊ ရရှိသည့်အချိန်အတွင်း ထိရောက် အကျိုးရှိအောင် သင်ယူလေ့လာသွားရန် နှင့် သင်တန်းကာလအတွင်း မိမိတို့၏ သင်ကြားသင်ယူမှုဆိုင်ရာ အတွေ့အကြုံ များကို မျှဝေဖလှယ်သွားရန် တိုက်တွန်း မှာကြားသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၉)သို့ သင်တန်းသား ၇၇ ဦး၊ သင်တန်းသူ ၂၉၇ ဦး စုစုပေါင်း ၃၇၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ရက်သတ္တ ငါးပတ်ကြာမြင့် မည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သည် တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိ သော စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၁၃) မှ သင်တန်းသား သင်တန်းသူများ ၏ စီမံခန့်ခွဲမှုနှင့် ဥပဒေသင်ခန်းစာများ ဆွေးနွေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာ ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်းအမှတ်စဉ်(၇၉)မှ သင်တန်း သူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကယားပြည်နယ် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ အတွက် အခြေခံစားကုန်များနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**လွိုင်ကော် ဇွန် ၁၆**

ကယားပြည်နယ် အစိုးရအဖွဲ့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စိုက်ပျိုး မွေးမြူရေး အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ အတွက် ချီးမြှင့်ငွေ၊ အခြေခံစားကုန် များနှင့် ကျောင်းသုံးစာရေးကိရိ ယာများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နွယ်သာကီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုး တင်က အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများ အတွက် ချီးမြှင့်ငွေ၊ အခြေခံ စားကုန်များနှင့် ကျောင်းသုံးစာရေး ကိရိယာများကိုပေးအပ်ရာ တာဝန် ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက Grade- 11 ကျောင်းသား ကျောင်းသူများ အတွက် ချီးမြှင့်ငွေနှင့် ကျောင်း သုံးစာရေးကိရိယာများကိုလည်း ကောင်း၊ စီးပွားရေးရာဝန်ကြီးက Grade-10 ကျောင်းသား ကျောင်း သူများအတွက်ကျောင်းသုံးစာရေး ကိရိယာများကို လည်းကောင်း ပေးအပ်ကြပြီး စေတနာရှင် အလှူ ရှင်များက စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းအတွက် အလှူငွေများ ပေးအပ်ကြရာ စီးပွားရေးရာဝန်ကြီးနှင့် ကျောင်း အုပ်ကြီးတို့က လက်ခံရယူကြ ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်စိုက်ပျိုး ရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် ကျောင်းအုပ်ကြီး တို့က ကျောင်းဖွင့်လှစ်သင်ကြား နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် က ကျောင်းစာကြည့်တိုက်အတွင်း ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**




# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန် ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသ ကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁၆ ရက်အထိ သေဆုံးသူ ၃၇၅၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၃ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန် နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးအား ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦးအား ရှာဖွေပေး နိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှု များအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# လှူဒါန်းနိုင်ရန်နှိုးဆော်ချက်

၂၈-၃-၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်း စေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၂)ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈)ခု၊ စုစုပေါင်း (၆၇၈၀)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ အဆိုပါထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ် Acc များသို့လည်းကောင်း၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍လည်းကောင်း၊ MMQR အား Scan ဖတ်၍လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တည်နေရာ | စာရင်းအမည် | စာရင်းအမှတ် |
|---|---|---|---|
| ၁ | ရှောဝတီဘဏ်၊ နေပြည်တော် | EARTHQUAKE-DAMAGED ANCIENT MONUMENTS RESTORATION FUND | 40037797858 |
| ၂ | A Bank၊ နေပြည်တော် | ။ | 0010011000015078 |
| ၃ | UAB bank၊ နေပြည်တော် | ။ | 0011060100009592 |
| ၄ | ကမ္ဘောဇဘဏ်၊ ရန်ကုန် | ။ | 25651325600598001 |
| ၅ | CB ဘဏ်၊ မန္တလေး | ။ | 0202100900023493 |

**ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ**

နေပြည်တော် - နေပြည်တော်သာသနာရေးမှူးရုံး
၀၆၇ ၃၅၅၀၁၈၃၊ ၀၉ ၄၂၀၇၀၁၄၆၉
- ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၁၄၇၆၀

ရန်ကုန်တိုင်း - ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊
ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး
၀၉ ၂၀၃၈၅၆၃
- ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၅၁၉၄၀၈၂

မန္တလေးတိုင်း - မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊
ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး
၀၉ ၄၂၁၂၂၂၂၅၁
- ဒေါ်မျိုးမျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၀၀၇၉၀

စစ်ကိုင်းတိုင်း - ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၀၂၆၁၀၁၃၄၊ ၀၉ ၆၆၄၆၉၀၆၇၅
- စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး
ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး
၀၉ ၄၂၀၇၂၆၄၉၀၊ ၀၉ ၇၈၈၉၁၁၂၁၁

ပဲခူးတိုင်း - ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး
၀၉ ၂၅၉၂၀၉၄၄၈
- ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး
၀၉ ၄၃၀၁၉၁၆၈

ရှမ်းပြည်နယ် - ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊
၀၉ ၄၂၀၇၃၀၈၃၉
- ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊
၀၉ ၄၃၀၄၁၃၀၇




# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၂ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်

(၁၆-၆-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၈-၆-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၂၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂ ဒသမ ၂၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လ နှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

(lymphoma) ရောဂါ ခံစားနေရသူဖြစ်ပြီး အေးခဲခြင်ဆီ (Cryopreservation) ပြုလုပ်၍ ခြင်ဆီအစားထိုးကုသမှု ပထမဆုံး ဆောင်ရွက်ခဲ့သည့်လူနာဖြစ်ကြောင်း သိရသည်။

လူနာလေးဦးမှာ ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးမှ ၄၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မန္တလေးမြို့မှ ၆၅ နှစ်အရွယ် အမျိုးသား တစ်ဦး၊ ရွှေပြည်သာမြို့နယ် ရန်ကုန်မြို့မှ ၅၇ နှစ်အရွယ် အမျိုးသား တစ်ဦးနှင့် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့မှ ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အဆိုပါ ခြင်ဆီအစားထိုးကုသခြင်း (Bone marrow Transplant) ကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုကြီး/ငယ်များ၊ အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ လေးဦး စုစုပေါင်း ၁၉ ဦးကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများ ကျန်းမာရေး ကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*


အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇွန် ၂၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၆-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၆-၂၀၂၅ ရက်နေ့မှ ၁၈-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၆-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၆-၂၀၂၅ ရက်နေ့မှ ၂၀-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရွှေစေတီပရိယတ္တိစာသင်တိုက် အပျက်အစီးများ ရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အသောကာရာမကျောင်းတိုက်အတွင်း အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ဆွမ်းဦးပုညရှင်စေတီနှင့် မဟာစေတီတို့တွင် ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများအား ဘက်စုံပြန်လည်ပြုပြင်ရေး အခြေအနေများ၊ သကျမိတာ သီလရှင်စာသင်တိုက်နှင့် ရွှေစေတီပရိယတ္တိစာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဆောက်အအုံအပြိုအပျက်ကြားမှ ဆယ်တင်ရရှိသည့် ရိက္ခာဆန်များကို အမိုးအကာအောက် ရောက်ရှိအောင် ရွှေ့ပြောင်းနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများအား လူအင်အားနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံ ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်သင့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများနှင့် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa ရှိ ရှင်းလင်းရန်ကျန် (A) ဆောင်ကို စက်ယန္တရားကြီးများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးမြို့ နန်းမြို့အတွင်းရှိ နန်းမြို့ဆုတောင်းပြည့်ဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်၊ အာရုံခံတန်ဆောင်းနေရာများ၌ ရှေးမူမပျက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော်တွင် ရင်ပြင်တော်ပြန်လည်ပြုပြင်တည်ဆောက်နေမှုများကို လည်းကောင်း၊ ဂန္ဓကုဋိတိုက်ရှိ အမိုး၊ တိုင်၊ ခုံးနေရာများအား ရှေးမူမပျက် ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ခတ်လှေကားနှင့် စက်လှေကားများကို အမြန်ဆုံး ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ မြွေကြီးနှစ်ကောင်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မြေသားထိန်းနံရံအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တောင်ဘက်စောင်းတန်းရှိ ရှင်အရဟံသိမ်ဘုရား၊ စန္ဒာမုခိဆုတောင်းပြည့်ဘုရားများအား ရှေးမူမပျက် ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှင်းလင်းရန်ကျန် (A) ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများအား လည်းကောင်း၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ထုတ်ပေးရေးအဖွဲ့ ယာယီရုံးတွင် ရှာဖွေတွေ့ရှိသော ပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် သက်ဆိုင်ရာပိုင်ရှင်အသီးသီးထံ စနစ်တကျလွှဲပြောင်းပေးနိုင်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Sky Villa တွင် ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ ယနေ့အထိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် ရှာဖွေတွေ့ရှိရသော ငွေစက္ကူကျပ် ၉၁၆၇၄၄၇၀၀ (ကိုးထောင်တစ်ရာခြောက်ဆယ် ခုနစ်သိန်းလေးသောင်းလေးထောင်ခုနစ်ရာ)၊ ရွှေသားအလေးချိန် ၄ ပိဿာ ၁ ကျပ်သား၊ ရွှေထည်ပစ္စည်းနှင့် အခြားလက်ဝတ်ရတနာများအား ပိုင်ရှင်များထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်းတိုက်၊ အောင်မြေကျောင်း၊ ပိဋကတ်တိုက်နှင့် အသောကာရာမကျောင်းတိုက်အတွင်းရှိ ကျီးသဲရွှေတောင်ကျောင်းနှင့် ကြာငါးခိုင်ရတနာကျောင်းများတွင် တပ်မတော်သားစစ်သည်များက အပျက်အစီးများအား အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကြံခင်းမြို့၌ မိုးစပါးပန်းတိုင်အထွက်နှုန်းတိုးစေရေး ပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးသရုပ်ပြသ

**ကြံခင်း ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက်၌ ၂၀၂၅ – ၂၀၂၆ ခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းတိုးစေရေး ပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးသရုပ်ပြသခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးစတိုင်းသာတို့က တောင်သူများအား ပေါင်းပျိုးစနစ်ဖြင့် စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွင်းအမှတ် ၁၄ D ၊ ဦးပိုင်အမှတ် ၂၃ တောင်သူ ဦးမျိုးသန်း၏ လယ်မြေ သုံးဧကတွင် ဧရာမင်း စပါးမျိုးကို ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုနှင့် လယ်မြေထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**





မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းသည့် သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်တို့ စစ်သည်များကို အားပေးစကားပြောကြားစဉ်။



ဗထူးမြို့နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့ သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/ တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်









နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ ကျွန်တော် အခုအမှတ်စဉ်(၁၄) မှာ သင်တန်းတက်ရမယ်ဆိုတော့ အရင်လည်း ကိုယ့်အရှေ့က အမှတ်စဉ်တွေမှာ သင်တန်းတက်ခဲ့ရတဲ့သူတွေကို အားကျလို့ ကျွန်တော်ကိုယ်တိုင် ဒီအမှတ်စဉ်(၁၄)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အခု ပြည်သူ့စစ်မှုထမ်းကို လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော်လည်း အသက်ပြည့်ပြီဆိုတဲ့အတွက်ကြောင့် ပြည်သူ့စစ်မှုထမ်းကို ပျော်ပျော်ရွှင်ရွှင်နဲ့ လာတက်ရောက်တာဖြစ်ပါတယ်။ သင်တန်းတက်ရတာလည်း ပျော်ပါတယ်။ ကျွန်တော့်စိတ်ခံစားချက်ကိုက နိုင်ငံတော်အတွက် တာဝန် ထမ်းဆောင်ရမယ်ဆိုတာသိလို့ပါ။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်ရမယ်ဆိုတာကို ခံစားချက် ကျွန်တော့်ရင်ဘက်ထဲမှာ ရှိလို့ပါ။ ကျွန်တော်ကတော့ ကျွန်တော် တာဝန်ထမ်းဆောင်ရမယ့် နှစ်နှစ်ကာလကို တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်လို့ ပြောချင်ပါတယ်။

၂။ ဒီသင်တန်း ပြီးသွားလို့ရှိရင် ကိုယ်တာဝန်ကျမယ့် တပ်တွေကို ရောက်တဲ့အခါ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းက ကောင်းပါတယ်။ ကောင်းပါတယ်ဆိုတာက နိုင်ငံသားတစ်ယောက်အနေနဲ့ မဖြစ်မနေ ထမ်းဆောင်ရမှာပေါ့။ အခုလို ရောက်လာခဲ့တဲ့အတွက်လည်း ဝမ်းလည်းဝမ်းနည်းတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ဝမ်းနည်းတယ်ဆိုတာလည်း အိမ်နဲ့ခွဲခွာရတာပါ။ ဝမ်းသာတယ်ဆိုတာက ဒီမှာရောက်လာတော့ ကိုယ်ထင်ထားသလိုလည်း မဟုတ်ခဲ့ပါဘူး။ ဒီမှာ အပေါင်းအသင်းတွေက ကိုယ်နဲ့ သေတူယှဉ်ဖက်တွေနဲ့ တွေ့တော့ တစ်မျိုးလေး ဝမ်းသာမိပါတယ်။ အပြင်မှာပြောတာတော ပြည်သူ့စစ်မှုထမ်းထဲ ရောက်လို့ရှိရင် နှစ်နှစ်မဟုတ်ဘူး။ သူတို့ထားသလောက်နေရမယ်လို့ ပြောကြပါတယ်။ ဒီထဲမှာရောက်တော့ သူတို့ပြောသလို မဟုတ်ပါဘူး။ တာဝန်ထမ်းဆောင်ပြီး နှစ်နှစ်ပြည့်လို့ရှိရင် မိမိတို့ နေရာဒေသအသီးသီးကို ပြန်လို့ရပါတယ်။

**သတင်းစဉ်**



တပ်မတော်(ကြည်း)အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အမှတ်(၈) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

## သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု (မွမ်းမံ) သင်တန်းဆင်းပွဲကျင်းပ



**မကွေး ဇွန် ၁၆**

မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု(မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးတင့်လွင်က ပြည်သူများအား မိသားစုဝင်ငွေ တိုးစေရန် မိမိတို့ဒေသရှိ ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ် တတ်စေရန်ရည်ရွယ်၍ မွမ်းမံသင်တန်း ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်စုစု ခိုင်က ဆောင်ရွက်ခဲ့သည် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထူးချွန်သင်တန်းသား သင်တန်းသူများအား ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ် ခဲ့သည်။

အဆိုပါ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံသီးနှံ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇွန် ၂ ရက်မှ ၈ ရက်အထိ အခြေခံနှင့် ဇွန် ၁၀ ရက်မှ ၁၆ ရက်အထိ မွမ်းမံ သင်တန်းကို ဌာနမှ သင်တန်းနည်းပြများသာမက ပြင်ပမှပညာရှင်များပါ ဖိတ်ကြား၍ မုန့်လုပ်နည်း သင်တန်းများ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦးထဲမှ ထူးချွန်သူငါးဦးကို စိစစ် ရွေးချယ်၍ လိုအပ်သည့်ပစ္စည်းများ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုသည့် စာစစ်ဌာနများ၌ စတင်ဖြေဆို

**ရွှေကူ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်က ကချင် ပြည်နယ် ရွှေကူမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ စတင်ဖြေဆိုလျက်ရှိရာ ကျောင်းသားကျောင်းသူ စုစု ပေါင်း ၇၀၈ ဦး အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုသူ စုစုပေါင်းစာရင်းရှိ ၇၁၅ ဦးအနက် ၇၀၈ ဦး ဝင်ရောက်ဖြေဆိုပြီး ပျက်ကွက်သူခုနစ်ဦး ရှိကြောင်းနှင့် ဖြေဆိုသည့်ရာခိုင်နှုန်း ၉၉ ဒသမ ၀၂ ရာခိုင်နှုန်း ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





မန္တလေးမြို့ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်က ကျောင်းသား ကျောင်း သူများ ဖြေဆိုပြီး တွေ့ရစဉ်။ သတင်းစဉ်



**ဥတ္တရသီရိ**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဥတ္တရသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူ ၁၀၉၃ ဦး အေးချမ်းစွာ ဇွန် ၁၆ ရက်တွင် မြန်မာစာဘာသာရပ်ကို စတင်ပြန်လည် ဖြေဆို လျက်ရှိသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဇွန် ၁၆ ရက်က စတင်ပြန်လည်ဖြေဆိုရာ စာစစ်ဌာန ငါးခုဖြင့် ကျောင်းသား ကျောင်းသူ ၁၃၂၉ ဦး အေးချမ်းစွာ ဝင်ရောက် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာ အထက် တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်း သား ကျောင်းသူများကို တွေ့ရစဉ်။ သတင်းစဉ်



**မြစ်ကြီးနား**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ်၌ စာစစ်ဌာနငါးခု ဖွင့်လှစ်၍ ဇွန် ၁၆ ရက်မှ စတင်ပြီး ပြန်လည်ကျင်းပလျက်ရှိရာ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စာရင်းရှိဦးရေ ၃၂၃၅ ဦးရှိသည့်အနက် ၃၂၀၈ ဦး ဝင်ရောက် ဖြေဆိုခဲ့ပြီး ပျက်ကွက်သူ စုစုပေါင်း ၂၇ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုသည့် ဇွန် ၁၆ ရက် ပထမနေ့ မြန်မာစာ ဘာသာရပ်ကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၆ ဦး လာရောက် ဖြေဆိုခဲ့ကြောင်း သိရသည်။

**နေလင်းထူး(ပြန်/ဆက်)**





မုံရွာမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ဖြေဆိုနေမှု တွေ့ရစဉ်။ သတင်းစဉ်

## ဘရူနိုင်းက အကြီးစား နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် သဘောတူညီချက်များ လက်မှတ်ရေးထိုး



**ဘန်ဒါဆီရီဘီဂါဝန် ဇွန် ၁၆**
ဘရူနိုင်းနိုင်ငံသည် နိုင်ငံအတွင်း ၃၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်ပတ်သက်ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဘရူနိုင်းနေ့စဉ်ထုတ် Borneo Bulletin သတင်းစာ၌ ဇွန် ၁၅ ရက်တွင် ဖော်ပြထားသည်။

နိုင်ငံ၏ မြို့တော် ဘန်ဒါဆီရီဘီဂါဝမ်အနီးတွင် တည်ဆောက်မည့် အဆိုပါစီမံကိန်းသည် ဘရူနိုင်းနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်လာဖွယ်ရှိနေသည်။ ထို့အပြင် အဆိုပါစီမံကိန်းသည် အစိုးရဦးဆောင်မည့် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး စက်ရုံကြီးဖြစ်ပြီး အများပြည်သူနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မည့် ပထမဆုံးသော အကြီးစားနေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းကြီးလည်း ဖြစ်သည်။

ယင်းစီမံကိန်းသည် ဘရူနိုင်းနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ပြီး ၂၀၃၅ ခုနှစ်အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၃၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးပန်းတိုင်ကိုလည်း ထောက်ပံ့ပေးနိုင်မည် ဖြစ်သည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ နှစ်ပေါင်း ၁၅၀ သက်တမ်းရှိ ခီဒီယာပူရ်ဈေးမီးလောင်

**နယူးဒေလီ ဇွန် ၁၆**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုးလ်ကတ္တားမြို့ရှိ ဈေးတစ်ဈေးတွင် ဇွန် ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ ဈေးဆိုင် ၁၃၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

သို့သော်လည်း မီးလောင်မှုကြောင့် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ အနောက် ဘန်ဂေါပြည်နယ်၏ မြို့တော် ကိုးလ်ကတ္တားမြို့၌ နှစ်ပေါင်း ၁၅၀ သက်တမ်းရှိ ခီဒီယာပူရ်ဈေးတွင် ဇွန် ၁၆ ရက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် မီးသတ်ယာဉ် အစီး ၂၀ ကို အခင်းဖြစ်ပွားသည့်နေရာသို့ စေလွှတ်ခဲ့ကြောင်း၊ မီးကိုထိန်းချုပ်ကာ ဘေးပတ်ဝန်းကျင်နေရာများသို့ ကူးစက်လောင်ကျွမ်းမှုမရှိစေရန် တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

အနီးဝန်းကျင်ရှိ ဂိုဒေါင်များမှ ဂုန်နီအိတ်၊ စားသုံးဆီနှင့် ထောပတ်ကဲ့သို့ မီးလောင်လွယ်သော ပစ္စည်းများရှိနေခြင်းကြောင့် မီးလောင်မှု ပိုမိုပြင်းထန်လာခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ရဲတပ်ဖွဲ့က မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ**

## တူကီယဲရဲတပ်ဖွဲ့က အိုင်အက်စ်သံသယရှိသူ ၃၉ ဦးကို ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ ဇွန် ၁၆**
တူကီယဲရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်း လွန်ခဲ့သည့် သီတင်းနှစ်ပတ်အတွင်း အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်သည်ဟု သံသယရှိသူ ၃၉ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တူကီယဲပြည်ထဲရေးဝန်ကြီး အလီယယာလီခါယာက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို အဒါနာ၊ ဘာဆာ၊ ဟာတေး၊ အစ္စတန်ဘူလ်နှင့် ဆမ်ဆန်း အပါအဝင် ပြည်နယ် ၁၈ ခုတွင် ပြုလုပ်ခဲ့ကြောင်း ၎င်းက လူမှုကွန်ရက် မီဒီယာပလက်ဖောင်း X တွင် ပြောကြားသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်စဉ်အတွင်း အိုင်အက်စ်အဖွဲ့အစည်း၏ စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တူကီယဲသည် အိုင်အက်စ်ကို ၂၀၁၃ ခုနှစ်က အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံအတွင်း လူအသေအပျောက်များသည့် တိုက်ခိုက်မှုများအတွက် ပြစ်တင်ရှုတ်ချခဲ့သည်။ **ဆင်ဟွာ**





## ကွန်ဂိုနိုင်ငံမြို့တော် ကင်ရှာဆာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၂၉ ဦးခန့် သေဆုံး

**ကင်ရှာဆာ ဇွန် ၁၆**
ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၏မြို့တော် ကင်ရှာဆာတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၉ ဦးခန့်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဇွန် ၁၆ ရက်တွင် ဒေသအာဏာပိုင်များက ပြောသည်။

ခြောက်သွေ့ရာသီတွင် ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုများကြောင့် မြို့တော်တွင်လမ်းများ ရေလွှမ်းမိုးမှု ဖြစ်ပွားခြင်း၊ အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ဘေးလွတ်ရာ တိမ်းရှောင်ရေးနှင့် ယာယီနေရာချထားရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ကင်ရှာဆာမြို့တော် အုပ်ချုပ်ရေးမှူး ဒန်နီရယ် ဘွမ်ဘာက ပြောသည်။ ထို့အပြင် သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ကြရန် ၎င်းက ဒေသခံများကို တိုက်တွန်းထားသည်။

ကွန်ဂိုနိုင်ငံသည် လက်ရှိတွင် ခြောက်သွေ့ရာသီဖြစ်သော်လည်း မိုးရေချိန် ၉၀ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း၊ ယင်းမှာ မကြာသေးမီနှစ်များအတွင်း ယခုကဲ့သို့ အချိန်အခါတွင် အမြင့်မားဆုံး မိုးရေချိန်ပမာဏဖြစ်ကြောင်း မိုးလေဝသအာဏာပိုင်များ၏ ပြောကြားချက်ကို ဒေသမီဒီယာများက ကိုးကားဖော်ပြထားသည်။

ကွန်ဂိုနိုင်ငံ၏ မိုးရာသီမှာ ပုံမှန်အားဖြင့် နိုဝင်ဘာလမှ မေလအထိဖြစ်ကြောင်း သိရသည်။

လာမည့် ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး လူဦးရေ ၁၇ သန်းခန့်ရှိသော မြို့တော်ကို ထိခိုက်ပျက်စီးမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယား၌ ဝက်သက်ရောဂါကြောင့် သေဆုံးသူ ခြောက်ဦးရှိလာ

**အူလန်ဘာတာ ဇွန် ၁၆**
မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် နောက်ထပ်တစ်ဦး သေဆုံးပြီးနောက် သေဆုံးသူပေါင်း ခြောက်ဦးအထိရှိလာကြောင်း နိုင်ငံ၏ကူးစက်ရောဂါဆိုင်ရာ အမျိုးသားဗဟိုဌာန (အင်န် စီစီဒီ) က ဇွန် ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

ဆက်လက်ပြီး ဆေးရုံတွင် တက်ရောက်နေသူများမှာ အပြင်းဖျားသည့် ကလေးငါးဦးအပါအဝင် လူနာ ၆၉၃ ဦးရှိကြောင်း အင်န်စီစီဒီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဝက်သက်ရောဂါ ဖြစ်ပွားသူ ထက်ဝက်ကျော်မှာ ဝက်သက်ရောဂါကာကွယ်ဆေး တစ်ကြိမ်သာထိုးနှံထားသည့် ကျောင်းနေအရွယ် ကလေးများဖြစ်ကြောင်း မွန်ဂိုလီးယား ဆရာဝန်များ၏ ပြောကြားချက်အရ သိရသည်။ **ဆင်ဟွာ**



## ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ပစ်ခတ်မှုဖြစ်ပွား

**ဆစ်ဒနီ ဇွန် ၁၆**
ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနောက်ပိုင်းရှိ ဆင်ခြေဖုံး၌ ဇွန် ၁၆ ရက်က ပစ်ခတ်မှုဖြစ်ပွားသဖြင့် သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဆစ်ဒနီမြို့လယ်၏ အနောက်ဘက် ၁၇ ကီလိုမီတာခန့်အကွာ အူဘန်မြို့၌ ဒေသစံတော်ချိန် ၁ နာရီ ၁၅ မိနစ်ခန့်က ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူသုံးဦးကို ဆေးဘက်အကူများက အခင်းဖြစ်ပွားရာနေရာတွင် ဆေးကုသပေးခဲ့ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအမြန်ပြီးစီးရေး ဦးတည်ကြိုးပမ်း

**နေပြည်တော် ဇွန် ၁၆**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းအမြန်ပြီးစီးရေးနှင့် သံစိမ်းများ ထုတ်လုပ်နိုင်ရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ် အတွင်း တွေ့ကြုံရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်း ကျော်လွှားရမည်ဖြစ်၍ ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်ကြရန်၊ စမ်းသပ်စစ်ဆေးပြီး ပြုပြင်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သည့် အလုပ်ရုံခွဲ ၁၉ ရုံတို့၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ ချွတ်ယွင်းပျက်စီးမှုမရှိစေရေးအတွက် အချိန်ဇယားများရေးဆွဲပြီး ဝန်မဲ့စမ်းသပ်မောင်းနှင်မှု (Noload Test) ကို ဆောင်ရွက်ရန်၊ စက်ရုံတာဝန်ရှိသူများ အနေဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ပြီးမြောက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရန်နှင့် ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက်လည်း ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားသည်။



ထို့နောက် Air Separation Unit တွင် ပြည်ပကျွမ်းကျင်ပညာရှင်များ၊ စက်ရုံမှအရာထမ်း၊ အမှုထမ်းများပူးပေါင်း၍ Compressor များ၊ Compressor နှင့် Gear Box တွဲဆက်ဆောင်ရွက်ပြီးစီးမှု၊ အလိုအလျောက် ထိန်းချုပ်မောင်းနှင်မှုစနစ်များ စစ်ဆေးပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေတင်အလုပ်ရုံသို့ရောက်ရှိပြီး ရေအအေးခံသည့်စနစ် စမ်းသပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေအအေးခံသည့်စနစ် စမ်းသပ်နိုင်ရေးအတွက် Pump များ စမ်းသပ်မောင်းနှင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Pump များ ရေရှည်အသုံးပြုနိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၆**

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၁၆ ဦးအား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကိုသက်ဆိုင်ရာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Counsellor Mr.Muhammad Asif နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၇၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မုန်တိုင်းနှင့် ရေကြီးရေလျှံမှုဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်

**ဘုတ်ပြင်း ဇွန် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၏ကြီးကြပ်မှုဖြင့် ပြည်သူများ သဘာဝဘေးအန္တရာယ်များကြောင့် အသက်အိုးအိမ်စည်းစိမ်များ အချိန်နှင့်တစ်ပြေးညီကူညီကယ်ဆယ်နိုင်ရေးနှင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရေးအတွက် မုန်တိုင်းဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဇွန် ၁၆ ရက် နံနက်ပိုင်းက အုန်းတောကမ်းကျေးရွာ၌ ပြုလုပ်သည်။

သရုပ်ပြလေ့ကျင့်မှုကို ဘုတ်ပြင်းခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို ၊ ခရိုင်/မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဖြစ်စဉ်တို့တွင် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အသင့်ကြိုတင်စုဖွဲ့

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းအား ဇွန် ၁၆ ရက်မှ ၂၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဗိုလ်တထောင်ခရိုင်အတွင်းရှိ လူမှုကူညီရေးဆိုင်ရာ ပရဟိတအသင်းအဖွဲ့ ၃၇ ခုမှ သင်တန်းသား ၅၀ တို့ကို လေ့ကျင့်သင်ကြားပေးသွားမည်။

သင်တန်းဖွင့်ပွဲသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**အောင်သန်းဦး၊ဓာတ်ပုံ - ဇွဲမာန်**



✳ *ကျောဖုံးမှ*

ပွဲကစားချိန် ၈၇ မိနစ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ လင်ဂလက် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ဖေဘီယန်ရူးစ်၊ ဗစ်တင်ညာ၊ မာယူလူနှင့် လီကန်အင်းတို့က သွင်းယူပေးခဲ့သည်။

**ဦးဆောင်ထား**

ပီအက်စ်ဂျီနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့သည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ခ) တွင် ဘိုတာဖိုဂို၊ ဆီးတဲလ် ဆောင်းဒါးစ် အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ပွဲစဉ် (၁) ယှဉ်ပြိုင်ကစားအပြီးတွင် အုပ်စု (ခ) အမှတ်ပေးဇယားကို ပီအက်စ်ဂျီအသင်းက ဦးဆောင်ထားသည်။

လာမည့်ပွဲစဉ်အဖြစ် ဇွန် ၂၀ ရက်တွင် ပီအက်စ်ဂျီအသင်းက ဘိုတာဖိုဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အက်သလက်တီကို မက်ဒရစ်အသင်းက ဆီးတဲလ်ဆောင်းဒါးစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# မကွေးမြို့နယ်၌ မိုးမြေပဲယခင်နှစ်ကထက်တိုးချဲ့စိုက်ပျိုး



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျီးပင်ကန်ကျေးရွာအုပ်စု ပုထိုးစမ်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိုးမြေပဲများကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ မိုးမြေပဲကို ဧပြီလနောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိရာ စိုက်ဧက ၁၅၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးမြေပဲကို ဧပြီလနှင့် မေလများတွင် စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် နုတ်ယူခူးဆွတ်ရကြောင်း၊ ပင်ထောင်မျိုးနှင့် ပင်ပြန့်မျိုးဟူ၍ရှိပြီး ပင်ပြန့်မျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ မိုးမြေပဲကို ကြပက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးစေ့နှစ်တင်းခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မြေပဲတောင့် အတင်း ၈၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ မိုးမြေပဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိသောကြောင့် ယခုနှစ်တွင် မိုးမြေပဲစိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

# ကျောက်ဆည်ခရိုင်၌ ကီလိုမာလကာသီးကို စီးပွားဖြစ်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီမရွေးစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားကောင်းသည့် ဥယျာဉ်ခြံမြေသီးနှံတစ်မျိုးဖြစ်သော မာလကာသီးများကိုလည်း မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

အစိုဓာတ်ကောင်းမွန်သည့် မိုးဦးကျကာလများတွင် ယာမြေများ၌ မာလကာကိုင်းကူးမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာမျိုးများကို ပင်ခြားတန်းခြား ၁၅-၁၆ ပေ အကွာဖြင့် တစ်ကေလျှင် ကီလိုမာလကာပင် ၃၅၀ ခန့် ဝင်ဆံ့စိုက်ပျိုးနိုင်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၅၅ သိန်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချနိုင်ပြီး နွေရာသီတွင် ရေလောင်း၊ ရေသွင်းခြင်းဖြင့် အပင်များကို ပြုစုပေးပါက ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံး ခူးဆွတ်ရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာ တစ်ပင်လျှင် ပျမ်းမျှအလုံးရေ ၁၅၀ - ၂၀၀ ခန့်ထွက်ရှိရာ တစ်ကေပျမ်းမျှအလုံးရေ ၅၂၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ဈေးများနှင့် ရွှေသိမ်တော်ဘုရားရှိ သစ်သီးဆိုင်များသို့ တင်ပို့ရောင်းချကြကာ အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း ကီလိုမာလကာသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)



# ကြက်ဟင်းခါးသီး စိုက်ပျိုး ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် ကြက်ဟင်းခါးသီးနှံကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။



ကြက်ဟင်းခါးသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ခူးဆွတ်ရောင်းချရကြောင်း၊ ဗိုလ်တစ်ထောင် ကြက်ဟင်းခါးမျိုးများကို စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင် ၂၀ ရက်သားခန့်အရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ ကြက်ဟင်းခါးသီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး အပင်သက်တမ်း ငါးလခန့်အထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ပတ်နှင့်တစ်ပတ်အထွက်နှုန်းများ ပိုမိုထွက်ရှိလာပြီး တစ်ကေလျှင် စုစုပေါင်းပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ကြက်ဟင်းခါးသီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# စဉ့်ကိုင်မြို့နယ်၌ ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကြက်သွန်နှင့် ငရုတ်စသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံများကို ဧက ၁၅၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဝါသီးနှံများကို မတ်လတွင် စတင်စိုက်ပျိုးပြီး သုံးလကျော်ခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ငွေချည်-၆ နှင့် ရွှေတောင်-၈ မျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးရပြီး တစ်ကေလျှင် မျိုးစေ့ထုပ် ၂ - ၃ ထုပ်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ဝါပိဿာချိန် ၃၅၀-၄၀၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ဝါစက်များ၊ ချည်မျှင်ရက်ကန်းရုံများနှင့် မန္တလေးစက်မှုဇုန် - ၁ သို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဝါသီးနှံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

## ၁၆-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၇၀၂၅ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၆၈၇၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၆၁၅ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၁၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၄၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၇၅ | ၂၁၀၀၀ | ၆၉၀၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၃၀၀ | ၁၈၀၀၀ | ၇၁၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၃၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၈၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၆၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၉၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၉၅၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၆၉၅၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၉၀၀၀ | ၆၈၁၀ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၆၀၀ | ၁၃၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၉၂၀၀ | ၆၈၁၀ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၈၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၀၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၇၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# မင်္ဂလာတောင်ညွန့်နှင့် ရွှေပြည်သာမြို့နယ်တို့၌ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၆**

မင်္ဂလာတောင်ညွန့်နှင့် ရွှေပြည်သာမြို့နယ်တို့၌ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီး ရှေ့တွင် သတင်းအရ မောင်အောင်သန်း(ခ) ကျော်သန်း၊ မောင်ကျော်နိုင်နှင့် သန်းလွင်တို့ သုံးဦး သယ်ဆောင်လာသည့် စက္ကူဂျပ်ဖာပုံးအား စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း။ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက် မြောင်းမြ(၆)လမ်းရှိ ကျော်နိုင်၏ နေအိမ်ကို ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့ နားခါရပ်ကွက် ရထားသံလမ်းအနီး၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ လေးပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၃ ရက်တွင် သာစည်မြို့နယ်အတွင်း၌ တရားမဝင်သစ်ခုတ်ရာတွင် အသုံးပြုသည့် Matador ဘက်ဟိုးယာဉ်တစ်စီး၊ Sumitomo ဘက်ဟိုးယာဉ်တစ်စီး၊ Doosan ဘက်ဟိုးယာဉ် တစ်စီးနှင့် ဆက်စပ်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၅၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် ရတနာပုံတံတား(နွားပေါက်) စစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၄၆၄၇၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၄၉၉၆၄၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Malaysia Airlines လေယာဉ်ခရီးစဉ်အမှတ် MH–0740/SF – 5674 ဖြင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၄ ရက်တွင် ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ဘားအံမြို့ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chana Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၂ ပီပါ၊ ဓာတ်ဆီခြောက်ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၅၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၅)လမ်းရှိ ကမ်းနားဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်းအမှတ်(၃)ရှိဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၅ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၇၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၃၁၆၄၇၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ဘီးပေါက်၍ ရပ်တန့်ထားသည့် ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိ

**နေပြည်တော် ဇွန် ၁၆**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ဇွန် ၁၅ ရက်က ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး၌ ရပ်တန့်ထားသည့်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် အမျိုးသားတစ်ဦး သေဆုံးပြီး ၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် နံနက် ၅ နာရီတွင် လယ်ဝေးမြို့နယ် ရန်ကုန်–မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၉၇ မိုင်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မိတ္ထီလာမြို့ အောင်ချမ်းသာရပ်ကွက်နေ ကျော်ဝင်းထွန်း(၂၅)နှစ် မောင်းနှင်ပြီး အောင်ဇေယျာရပ်ကွက်နေ ဦးကျော်လင်း(၅၅)နှစ် လိုက်ပါလာသည့် MDY–17 5H/––– MITSUIBISHI FUSO ယာဉ်သည် အခင်းဖြစ်နေရာအရောက် အနေးယာဉ်ကြောပေါ်၌ ဘီးပေါက်၍ ရပ်တန့်ထားသည့် ဖြူးမြို့နယ် ဝဲဒေါင့်ဆယ်ပြည့်ရပ်ကွက်နေ မျိုးသူ(၃၇)နှစ် မောင်းနှင်လာသည့် SHN–18 2C/–––NISSAN DIESEL ၁၀ ဘီးယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးကျော်လင်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး မျိုးသူတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သောကြောင့် မျိုးသူနှင့်ကျော်ဝင်းထွန်းတို့ နှစ်ဦးအား ပလွေးအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# ကလောမြို့နယ်၌ ဆီဘောက်ဆာယာဉ် တိမ်းမှောက်၊ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ဇွန် ၁၅ ရက်က ဆီဘောက်ဆာယာဉ်တိမ်းမှောက်၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကလောမြို့နယ် ဟဲဟိုးမြို့ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၈၇ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား သီခေါင်တောင် အဆင်းလမ်းကွေ့၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အောင်ပန်းမြို့ဘက်မှ ဟဲဟိုးမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ မျိုးဇော်လင်းထွေး(၄၄)နှစ် မောင်းနှင်ပြီး ပဲခူးတိုင်းဒေသကြီး ရေနီမြို့နေ ကျော်ကိုကို(၂၈)နှစ်တို့ လိုက်ပါလာသည့် YGN–21 1N/––– Nissan UD Quester ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ မျိုးဇော်လင်းထွေးနှင့် ကျော်ကိုကိုတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် မျိုးဇော်လင်းထွေးအား ဟဲဟိုးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**


ကလောမြို့နယ်၌ ဆီဘောက်ဆာယာဉ်တိမ်းမှောက်မှု မှတ်တမ်းဓာတ်ပုံ။

# ပျဉ်းမနားမြို့နယ်အတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲရေးအတွက် အသိပညာပေး

**နေပြည်တော် ဇွန် ၁၆**

ပျဉ်းမနားမြို့နယ်အတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲရေးအတွက် အသိပညာပေးခြင်း၊ အိမ်သာခွက်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပျဉ်းမနားမြို့နယ် အပါအဝင် နေပြည်တော်အတွင်းရှိ မြို့နယ်များအားလုံး ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်သုံးစွဲရန် အရေးကြီးပါကြောင်း၊ အိမ်သာကို သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ယင်လုံအောင်ဆောက်လုပ်သုံးစွဲမှသာ ယင်မှတစ်ဆင့်ကူးစက်တတ်သည့်ရောဂါပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်းသည် အရေးကြီးသလို ယခုမိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော ခြင်မှတစ်ဆင့်ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားနေသည်ကိုလည်း တွေ့ရှိရသည့်အတွက် ခြင်၊ လောက်လမ်း နှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) ကိုလည်း ပြည်သူလူထု လှုပ်ရှားမှုအသွင်ဖြင့် ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း အပတ်စဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ရေကောင်းရေသန့်ရရှိရေး၊ ရေများကို ကလိုရင်းဆေးခတ်ခြင်းစသည့် လုပ်ငန်းများကို ကျန်းမာရေးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပျဉ်းမနားမြို့နယ်အတွက် ယင်လုံအိမ်သာဆောက်လုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ အိမ်သာခွက် ၅၁၀ ထောက်ပံ့ပေးမည်ဖြစ်သည့်အတွက် အိမ်သာခွက်များကို ကျေးရွာအုပ်စုအလိုက် အချိုးကျခွဲဝေပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဆွေဇင်ဝင်းက ယင်လုံအိမ်သာသုံးစွဲရေးနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပြီး ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်နိုင်ဝင်းက ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ယင်လုံအိမ်သာခွက်များနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး တိုက်ကျွေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီ မိုးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်

**သာစည် ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီ မိုးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး သင်တန်းကို ယနေ့မွန်းလွဲပိုင်းက အဆိုပါ ဦးစီးဌာနယာယီရုံး၌ ဖွင့်လှစ်ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ငွေငွေးက သင်တန်းဖွင့်အမှာစကားပြောရာ၌ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်မြို့နယ်အတွင်း စိုက်ပျိုးလျက်ရှိသော သီးနှံများ လျာထားချက်ပြည့်မီ ကျော်လွန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်မြေ အသုံးချတာဝန်ခံ၊ မျိုးစေ့တာဝန်ခံနှင့် သီးနှံကာကွယ်ရေး တာဝန်ခံများက မြို့နယ်အတွင်းစိုက်ပျိုးလျက်ရှိသော စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာများ ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းကို ကျေးရွာအုပ်စုတာဝန်ခံ ဝန်ထမ်းများ၊ နယ်မြေတာဝန်ခံဝန်ထမ်းများ စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကြည့်မြင်တိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇွန် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူများပိုမိုသိရှိနိုင်ရန် ဗီနိုင်းများချိတ်ဆွဲခြင်းကို ယနေ့နံနက်က ဆောင်ရွက်သည်။

ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" အသိပညာပေးဗီနိုင်းများလိုက်လံချိတ်ဆွဲရာသို့ မြို့နယ်အခွန်ဦးစီးမှူး ဦးခင်မောင်အေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ရင်တို့က ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဌာနမှ တာဝန်ရှိသူများက လိုက်ပါ၍ စစ်ဆေးချိတ်ပေးခဲ့ကြသည်။

**ခိုင်ဇာလင်း(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်

**ပန်းတောင်း ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအတွင်းနှင့် အထက (ပန်းတောင်း) ကျောင်းတွင် ယနေ့နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်နိုင်စေရေး၊ မြို့နယ်သန့်ရှင်းသာယာ လှပစေရေး အမှိုက်များ စနစ်တကျစွန့်ပစ်ကြရန် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင် သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်ခြင်း ပြုလုပ်ခဲ့သည်။



ဦးစွာ ပြည်ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ထွေးက အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင် သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ပုံကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များအဖွဲ့၏ တိုင်းနှင့်ပြည်နယ်လုံးဆိုင်ရာ ၁/၂၀၂၅ အစည်းအဝေးကို ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးမှူး ဦးကျော်ကျော်ညွန့်နှင့်အဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်တို့က အမှာစကားပြောကြားကြပြီး တွဲဖက်အတွင်းရေးမှူး ဦးဝင်းမင်းကျော်က ယခင်အစည်းအဝေးတွင်ချမှတ်ထားသော လုပ်ငန်းဆပ်ကော်မတီများ၏ အကြောင်းအရာများကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အသင်းသူ အသင်းသားများက အသင်း၏လိုအပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာဖိနပ်လုပ်ငန်းရှင်များ MSME Cluster အဖွဲ့ကို ၂၀၂၄ ခုနှစ် ဩဂုတ်တွင် ဖွဲ့စည်းခဲ့ပြီး မှတ်ပုံတင်ထားသည့် အသင်းသားအသင်းသူ ၉၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ကျော်ကြီး**



## ချောင်းသာမြို့၌ အမှိုက်များခွဲခြားစွန့်ပစ်ရန်နည်းလမ်းများ လက်တွေ့သရုပ်ပြ

**ချောင်းသာ ဇွန် ၁၆**

ဧရာဝတီတိုင်းဒေသကြီးချောင်းသာမြို့၌ ပြည်သူများအမှိုက်များ ခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ ဆောင်ရွက်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက ချောင်းသာမြို့ ရွှေသာယာမြို့မဈေးကြီးရှေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဦးစွာ မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစိုးဦးက အမှိုက်များအား ခွဲခြားစွန့်ပစ်ရန် လိုအပ်ကြောင်းနှင့် အမှိုက်အမျိုးအစား လေးမျိုးဖြစ်သည့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိသော အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရေးအတွက် အသိပညာပေးဟောပြောသည်။

ထို့နောက် အမှိုက်များအား အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြခြင်းကို မြို့စည်ပင်သာယာရေး ဝန်ထမ်းများက သရုပ်ပြရာ တက်ရောက်လာသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဈေးကော်မတီများ၊ ဈေးသူ ဈေးသားများက အမှိုက်စွန့်ပစ်ခြင်းအား လက်တွေ့ဆောင်ရွက်ခဲ့ကြပြီး အလားတူ မြို့စည်ပင် သာယာရေးအဖွဲ့ရုံးရှေ့တွင် ရပ်ကွက်နေပြည်သူများအား အမှိုက်များကို အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြခြင်းကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ နွေစပါး(အောင်နိုင်တိုး) စံကွက်ရိတ်သိမ်း

**ရမည်းသင်း ဇွန် ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာ ကွင်းအမှတ် (၁၃၃၄/၁၅) ရှိ တောင်သူ ဦးခင်မောင်ထွေး၏ နွေစပါး အောင်နိုင်တိုးစပါးမျိုးစေ့ထုတ် စိုက်ခင်း ၁၀ ဧကတွင် စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။



စံကွက်ရိတ်သိမ်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကောင်းပြီး စားသုံးမှု အရည်အသွေးကောင်းသော အောင်နိုင်တိုးကဲ့သို့ စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရန်နှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ အဆိုပါစံကွက်နှင့် ဝ ဒသမ ၁ဝ ဧက စံကွက်များ ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှ စပါး ၁၃၆ ဒသမ ၄၁ တင်းထွက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်ထုတ်ပေး

**ရေး ဇွန် ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် ဇီဝအချက်အလက်များ Biometric Data ကောက်ယူ၍ UID (Unique Identification Number) နံပါတ် ထုတ်ပေးခြင်းကို ယမန်နေ့က ရေးမြို့နယ်ဇီးဖြူသောင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ရေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း၊ အီလက်ထရွန်နစ် နည်းပညာဖြင့် ကိုယ်ရေးအချက်အလက်များ Biographic Data နှင့် ဇီဝအချက်အလက်များ Biometric Data စာရင်းကောက်ယူခြင်း လုပ်ငန်းများ



ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုသို့ ဆောင်ရွက်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ကျေးရွာပြည်သူ ၁၀ဝ ကျော်တို့၏ လက်ဝယ်အရောက် နေ့ချင်းပြီး ပေးအပ်နိုင်ခဲ့ကာ ကျန်ရှိသည့် ကျေးရွာပြည်သူများကို ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ (ပြန်/ဆက်)**



## ကဝမြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**ကဝ ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပဲခူးမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့က ကဝ-ပဲခူးမြစ်ကူး တံတား၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှအောင်သိန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တက်ရောက်လာသူများက ပဲခူးမြစ်ရေပြင်အတွင်းသို့ ပဲခူးငါးသားဖောက်စခန်းနှင့် သနပ်ပင်ငါးသားဖောက်စခန်းတို့မှ မွေးမြူထားသော ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်းကောင်ရေ ၄၀၀၀၀၀ ကို မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ရွှေတောင်မြို့နယ်၌ နွေစပါး( အောင်နိုင်တိုးစပါးမျိုး) စံကွက်ရိတ်သိမ်း

**ရွှေတောင် ဇွန် ၁၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ( ၄၂၀C)၊ ကွင်းအတွင်းရှိ တောင်သူ ဦးစောလွင်၏ နွေစပါးစိုက်လယ်မြေတွင် နွေစပါး (အောင်နိုင်တိုးစပါးမျိုး) လယ်မြေ တစ်ဧကကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးစံကွက် ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ နွေစပါး (အောင်နိုင်တိုးစပါးမျိုး) လယ်မြေ တစ်ဧကတွင် စပါးခြွေလှေ့စက်ဖြင့် စံကွက် ရိတ်သိမ်း၍ စံနှုန်းတိုင်းတာခြင်း၊ အထွက်နှုန်းချိန်တွယ် တိုင်းတာခြင်းများ ဆောင်ရွက်ခဲ့ရာတွင် အထွက်နှုန်း အစိုတင်း ၁၂၁ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

နွေစပါးစံကွက်ရိတ်သိမ်းရာသို့ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (ခရိုင်စိုက်ပျိုးရေး မွေးမြူရေး ကြီးကြပ်မှုကော်မတီ) ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးများနှင့်တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
- ( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
- ( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၁၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
- (ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
- ( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀
- ( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
- (ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
- ( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
- ( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
- (ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
- ( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
- ( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
- ( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
- ( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
- (ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
- (တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




## ပတ်စ်ပို့ပျောက်

(ဘ) ဦးရှောက်ကြာ ၏သား ကျွန်တော် ကိုရန်ယူရှင်း (၁၃/လရန(နိုင်)၂၇၈၉၆၆) ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-692 069 908**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/81444, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၇/ထတပ(နိုင်)၀၆၁၄၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

### ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသောရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသည့် ကုမ္ပဏီအသစ်ဖြစ်ပါက ပထမဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website Home Page ရှိ အခွန်ထမ်းမှတ်ပုံတင်ရန် (e-Registration Button)မှ ဝင်ရောက်၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ရမည်ဖြစ်ပါသည်။ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) လျှောက်ထားရရှိပြီးပါက အီလက်ထရောနစ်အခွန်ကြေညာလွှာတင်သွင်းမှုစနစ်နှင့် အီလက်ထရောနစ်အခွန်ပေးဆောင်မှုစနစ်များကိုပါ ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းသစ်တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါ ရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့်ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင်ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့် ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.ird.gov.mm** တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှသတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။ (သတ်မှတ်ကြေညာလွှာပုံစံများကို **www.ird.gov.mm** တွင်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ရုံးများထံတွင်လည်းကောင်း ရယူနိုင်ပါသည်။)

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည်ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့်ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

(ဃ) အခွန်ထမ်းကုမ္ပဏီအသစ်များအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ်အား အသုံးပြု၍ အခွန်ကြေညာလွှာတင်သွင်းရာ၌ အခွန်ထမ်း၏လက်မှတ်မှတ်တမ်း(မူရင်း)ကို သက်ဆိုင်ရာအခွန်ရုံးထံ သင့်ရာနည်းဖြင့် မပျက်မကွက် ကြိုတင်ပေးပို့ရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန်သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့်သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်၊ ပုသိမ်ခရိုင်ဘဏ်ခွဲရှိ ငွေစုဘဏ်စာရင်းအမှတ် SA-057627 ဦးကိုကိုအောင်၏ စုငွေလက်ကျန်နှင့် အတိုးငွေများအား တရားရုံး၏ အနိုင်ဒီကရီ ရရှိပြီးဖြစ်သည့် (၁၀၈)တောင် ဂမုန်းပေါင်းဂေါပကအဖွဲ့ ကိုယ်စား ဦးနေဝင်း (ခ) ဦးတင်မောင်သိန်းအား ငွေစုဘဏ်လုပ်ငန်းဥပဒေ၊ ဘဏ်၏လုပ်ထုံးလုပ်နည်းနှင့်အညီ မိတ္တူငွေစုစာအုပ် ပြုလုပ်၍ ငွေထုတ်ပေးမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက (၁)လအတွင်း ဘဏ်သို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မိတ္တူငွေစုစာအုပ်ပြုလုပ်၍ ငွေထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ မြောက်မင်းတည်းရပ်ကွက်၊ အကွက်အမှတ် (၄)၊ မင်းတည်းရပ်၊ ဦးပိုင် အမှတ်(၃၈)၊ မြေကွက်အမှတ် (၃၆)၊ ဧရိယာ ၀.၀၅၈ဧကရှိ ဘိုးဘပိုင်မြေအား အမည်ပြောင်းလဲပေးရန် ဦးထွန်းထွန်းဝင်း ၁၂/လမတ(နိုင်)၀၀၀၃၆၆မှ လျှောက်ထားသည့်အတွက် ၎င်းအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ရက်မှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၆ရက်မတိုင်မီ ရက်ပေါင်း(၃၀ )အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ သရက်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ် ၄၃၀၊ ဦးပိုင်အမှတ် ၈-၉/၁ ခဲစင်း၊၈၆လမ်း၊ သင်္ဂဇာချောင်းပတ်လမ်းကြား၊ ၄၁xအောင်ရတနာလမ်းကြားရှိ ဒေါ်မြသွယ်၊ ဒေါ်အမာ၊ ဦးမောင်မောင်လှ အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်မြသွယ်၊ ဒေါ်အမာတို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၇၆/၂၀၀၂)ဖြင့် စွန့်လွှတ်ခြင်းခံရသူ ဦးမောင်မောင်လှ ၉/မနတ(နိုင်)၀၈၈၅၃၃ ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၄၈၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းကို လက်ခံသူ ဦးမြင့်ထွေး ၉/မနတ(နိုင်)၀၄၇၂၆၅၊ ဒေါ်သက်သက်အောင် ၇/တငန(နိုင်)၁၀၀၄၃၆တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၃၃/က)၊ အိမ်အမှတ်(၁၃၃/က)၊ သူရ(၃)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ဖြစ်သော ဒေါ်မမ(MTT- ၀၂၈၄၂၁)(မိခင်)နှင့် ဦးဘချို(ဖခင်)တို့ကွယ်လွန်ပြီး ၎င်းတို့မှမွေးဖွားသော သား(၃)ဦးအနက်မှ သားတစ်ဦးဖြစ်သူ ဦးအုန်းမြင့်(လူပျိုကြီးဘ၀)ဖြင့် ထပ်မံကွယ်လွန်သဖြင့် ဦးကြည်ခင် ၁၂/ဥကတ(နိုင်)၀၂၈၂၄၈၊ ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၀၂၅၂၈၂တို့မှ သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ မြေခွန် ပြေစာ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်ကျေးရွာအုပ်စု၊ ကသာကျေးရွာနေ ဦးပျား၏သား မောင်ဉာဏ်အောင် ၈/တတက(နိုင်)၁၄၁၈၀၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် ME 275052 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09 400 338 022**

## ပတ်စ်ပို့ပျောက်

ကျွန်တော် လွင်ရှင်ကျိန်း ၁၃/ကခန(နိုင်)၀၂၆၁၈၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-760606717**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၃၇၃

| | | |
|---|---|---|
| ၁။ ဦးမြတ်သူရ | ၁၀။ ဦးမောင်တိုး(ခ) | ၁။ ဦးရှိယူလုံ |
| ၂။ ဒေါ်တင်မျိုးမြတ်သူ | ဦးတိုးတိုး | ၂။ ဦးချိန်သိန်းဟိုက် |
| ၃။ ဒေါ်ခင်မာ | ၁၁။ ဦးကျင်မောင် | ၃။ ဒေါ်ရန်ရွှေကျိန်း |
| ၄။ ဒေါ်နီလာ(ခ) | ၁၂။ ဦးအောင်လေး(ခ) | ၄။ဒေါ်ချိန်ကြီးကျင်း |
| ဒေါ်နီလာအောင် | ကိုသန်းထွန်း နှင့် | (၎င်းကိုယ်တိုင်နှင့် |
| ၅။ ဦးခင်မောင်ဝင်း | ၁၃။ ဦးမျိုးဝင်း | လျှောက်ထားခံရသူများ |
| ၆။ ဦးအောင်ထွန်း | ၁၄။ ကိုတရုတ်ကြီး(ခ) | (၁၊၂၊၃)၏ အထွေထွေ |
| ၇။ ဦးအောင်ဖို(ခ) | ကိုထွန်းထွန်းနိုင် | ကိုယ်စားလှယ်စာရသူ) |
| ဦးအောင်ကို | ၁၅။ ကိုတင်မောင်စန်း(ခ) | ၅။ဦးဟံဝင်းအောင် |
| ၈။ ဦးဘုန်း(ခ) | ကိုတင်မောင်သန်း | (၎င်း၏အခွင့်ရကိုယ် |
| ဦးဖုန်းချစ်အောင် | ၁၆။ ဒေါ်သီတာအေး | စားလှယ်ဦးကိုကိုဦး) |
| ၉။ ဦးခင်မောင်ရွှေ | | ၆။ ဦးဝင်းဦး |
| | | ၇။ ဒေါ်မြင့်ခိုင် |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

လျှောက်ထားခံရသူများ ၅။ ဦးဟံဝင်းအောင်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကိုကိုဦး)ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်(၃)၊ ပြင်ဦးလွင်မြို့ ၆။ ဦးဝင်းဦး ကွင်း အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၆၁/၁-က)၊ ရပ်ကွက်ကြီး(၁၂)၊ရေချမ်းအိုးမြောက်ကျေးရွာ၊ ပြင်ဦးလွင်မြို့ ၇။ ဒေါ်မြင့်ခိုင် ကွင်းအမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၆၁/၁- က)၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးမြောက်ကျေးရွာ၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာများမသိ) သိစေရမည်။

အထက်အမည်ပါ ဦးမြတ်သူရ ပါ ၁၆ က ဤရုံးသို့ ပြင်ဦးလွင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၃/၂၀၂၂၊ မြေလက်ရောက်ရလိုမှု စွဲဆိုမှုတွင် (၂)မှ (၆)ထိ ၊ (၈)မှ (၁၁)ထိ၊ (၁၃)မှ (၁၉)ထိ တရားပြိုင်များ၏ ရှေ့နေလျှောက်ထားသည့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၅(၁)အရ နောက်တိုးငြင်းချက်ထုတ်ပေးရန် လျှောက်ထားချက်အားပယ်ကြောင်းချမှတ်လိုက်သည့် အမိန့်အပေါ် မူလ ရုံးအမှတ်(၂မှ၆၊ ၈မှ၁၁၊ ၁၃မှ၁၉ထိ)တရားပြိုင်တို့မှ ပြင်ဆင်မှုတင်သွင်းလျှောက်ထားလာသဖြင့် သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁၁ရက်(၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင် ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံး သို့ လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့် မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/4104 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/53843 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/15247, Kenbo 125 M/C ယာဉ်လက်ဝယ် ရှိသူ ဦးဇော်လင်းထွန်း ၁၂/မရက(နိုင်)၀၀၃၈၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)၊ ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့
## (၂၀၂၅-၂၀၂၆)ခု၊ ဘဏ္ဍာနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၅-၂၀၂၆)ခု၊ဘဏ္ဍာနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ခုတင်(၂၀၀)၊ ပြည်သူ့ဆေးရုံကြီး၊ ဟင်္သာတမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများ သုံးစွဲရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းနှင့်ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Consumables များကို မြန်မာကျပ် ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** စတင်ရောင်းချမည့် ရက်နှင့်အချိန် - ၁၉-၆-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် (၉:၃၀)နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၇-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ (၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
ပြည်သူ့ဆေးရုံကြီး၊ဟင်္သာတမြို့
ဧရာဝတီတိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၀၈၄၆၆၇

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာ၊ မြဝတီရပ်ကွက်၊ ပုသိမ်-မုံရွာလမ်းရှိ ဦးသူရတင်ထွဋ်ပိုင်ဆိုင်သည့် အလျား(၁၃၀) ပေx အနံ (၇၀)ပေရှိ ခြံမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အောင်မာဃရွာ၊ ဒါးက-အိမ်မဲလမ်းရှိ ဦးစိုးမြင့် ပိုင် အလျား(၉၆)ပေ x အနံ (၆၅)ပေရှိ ခြံမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုလည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ဖြူပြာရီလွင်၏ခင်ပွန်းဖြစ်သူ ဦးနေလင်းထွန်းမှ မူလပိုင်ရှင်များထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိခဲ့ပြီး ယခုအခါ ဦးနေလင်းထွန်းသည် (၄-၄-၂၀၂၀)ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် အထက်ဖော်ပြပါ မြေကွက်(၂)ကွက်အား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဖြူပြာရီလွင် ၁၄/ဝခမ(နိုင်) ၁၆၅၂၆၄သာလျှင် တစ်ဦးတည်းသာ အမွေဆက်ခံသူ ဇနီးအဖြစ် ကျန်ရှိခဲ့ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဖြူပြာရီလွင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အထက်ဖော်ပြပါ မြေကွက်များအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ ကျူးကျော်ဝင်ရောက်၍အဆောက်အုံဆောက်လုပ်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူပြာရီလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုးတင့်(LL.B,Advocate)** | **ဒေါ်ပြည့်ဖြိုးဝေ(LL.B)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စာရင်းပါအမှတ်စဉ်-၂၉၀၈/၄-၁၂-၈၄ | စဉ်-၁၇၃၂၇(၄-၁၀-၂၀၂၁) |
| မြို့မလမ်း၊ ပတ္တမြားရပ်ကွက်၊ | မြို့မလမ်း၊ ပတ္တမြားရပ်ကွက်၊ |
| ဝါးခယ်မမြို့ | ဝါးခယ်မမြို့၊ ဖုန်း-၀၉-၂၆၃၂၂၁၂၂ |

## ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

မြို့တော်ခန်းမရှေ့ဘက်၊ မဟာဗန္ဓုလပန်းခြံရှေ့ ကားပါကင်တွင် မှတ်ပုံတင်မူရင်း(၃)ခုနှင့် ဂရန်မူရင်း ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၂၅၄၄၈၈၃၃၀၊ ၀၉-၅၁၇၁၄၃၃
၀၉-၅၁၆၁၀၆၅၊ ၀၉-၄၄၈၀၅၀၈၇၁

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၆၈၁)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ ဦးစိုးတင့် (AF-၀၄၉၃၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ခင်ပွန်း ဦးစိုးတင့် ကွယ်လွန်၍အမွေဆက်ခံခွင့်ရှိသူ ဒေါ်လှသွင် (၁၂/ဥကတ (နိုင်) ၀၂၉၉၁၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

